# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၀)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ရောဝတီတိုင်းအတွင်း အဓိကလမ်းမကြီး ၁၀ခု၊ တံတားကြီးငယ်ပေါင်း ၅၀၀ကျော် တည်ဆောက်ပေးခဲ့

# ပြည်သူများက အခြေခံကောင်းများကို ထိရောက်စွာအသုံးချ၊ တစ်ဦးချင်းဝင်ငွေတိုးအောင် ကြိုးပမ်း

## မြန်မာနိုင်ငံသည် အခြေခံအားဖြင့် ပြည်သူလူထု စားဝတ်နေရေးအတွက် ပြည့်စုံပူလုံသောနိုင်ငံဖြစ်

## သဘာဝသယံဇာတကြွယ်ဝသဖြင့် ကြိုးပမ်းအားထုတ်သလောက် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် ဇူလိုင် ၁**

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်း၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၃၀ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ကညင်ရေလှောင်တမံ၏ ရေပိုလွှဲတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆည်မြောင်းဦးစီးဌာန၏ စပါးခွံဖွဲပြာမှ ဘိလပ်မြေ(ရောစပ်)ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**တပ်ဆင်ပေး**

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီး ဦးဌေးဦးက စီမံကိန်းတည်နေရာ၊ ပင်မတမံနှင့် အဆောက်အအုံများ တည်ဆောက်နေမှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အဓိက ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ✻



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကညင်ရေလှောင်တမံ၌ ပင်မတမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



2-7 (01).pmd 1 7/2/2010, 2:01 AM

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၂ရက်)

## ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး လမ်းတံတားများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာ ရထားလမ်းများ၊ ကားလမ်းမကြီးများ၊ တံတားကြီးများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ် နတ်မောက်လမ်းပေါ်ရှိ အစင်း ၂၄၀မြောက် ယင်းချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၂၇ရက်နေ့က ယင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်ကားလမ်းသစ် မိုင်အရှည် ၁၀၈မိုင် ၄ဖာလုံကို ဖောက်လုပ်လျက်ရှိပြီး မကွေး-နတ်မောက်-ပျော်ဘွယ်ကတ္တရာလမ်း အရှည် ၉၁ မိုင် ၄ ဖာလုံသည်လည်း မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

ယင်းချောင်းတံတားသည် ယခင်က မိုးရာသီ ရေဖြန့်စီးဆင်းသည့် ချောင်းဖြစ်၍ ရေများသည့်အခါ ယာဉ်များဖြတ်သန်းမောင်းနှင်ရန် အချိန်ငါးနာရီခန့် စောင့်ဆိုင်းခဲ့ရသည်။ ယင်းချောင်းတံတားကို ဖွင့်လှစ်ခြင်းဖြင့် ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လမ်းတံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်းများရှိ ဒေသကြီးတစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်းဖြစ်လာသဖြင့် ဆက်သွယ်မှု လွယ်ကူပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာခဲ့သည်။ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အသိပညာဗဟုသုတများ တိုးတက်မြင့်မားလာပြီး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ လျော့နည်းလာခဲ့ပြီဖြစ်သည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် မကွေးတိုင်းမှထွက်ရှိသည့် မြေပဲ၊ နှမ်း၊ ဆန်စပါးနှင့် ကောက်ပဲသီးနှံများကို ပြည်နယ်၊ တိုင်းအသီးသီးသို့ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်း၊ တံတားများမှတစ်ဆင့် ပြည်ထောင်စုတစ်ဝန်းလုံးသို့ လျင်မြန်လွယ်ကူစွာ ပို့ဆောင်နိုင်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် သားစဉ်မြေးဆက်အထိ ဆက်လက်ခံစားနိုင်ရန် အမွေခံကောင်းများကို တည်ဆောက်ဖန်တီးပေးထားရာ တိုင်းရင်းသားပြည်သူများကလည်း ယင်းအမွေခံကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကွန်ပျူတာ(အခြေခံ)သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၁**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဝန်ကြီးဦးစိုးနိုင် **(အပေါ်ပုံ)**က သင်တန်းဆင်းအမှာစကားပြောကြားပြီး ကွန်ပျူတာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူ သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြသည်။

**တက်ရောက်ခဲ့**

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို ဝန်ထမ်းများအတွက် e-Government အတတ်ပညာရပ်များနှင့် ကွန်ပျူတာအတတ်ပညာများ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နေပြည်တော်ဝန်ကြီးဌာနရုံး၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ သင်တန်းသား သင်တန်းသူ ၂၁ဦး တက်ရောက်ခဲ့ကြကာ ရက်သတ္တ ရှစ်ပတ်ကြာ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၁၀ (သောကြာနေ့ )

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အဌာနာဋ္ဌိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရက်တိုတို မဂ်ဖိုလ်ဝင်မည့် ဥာဏ်လမ်း တရားတော်** (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့သြဘာအကျိုးဆောင် တောင်သူကြီးများ ဂုဏ်ပြုပွဲ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၄)
- ၈:၃၀ ကြည်နူးဖူးမဝလေပြီ… ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
- ၈:၅၀ Activities in the City
  - စိန်ရတုမဟာ နာယက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ
  - M.Y Associates Co.,Ltd. ၏ SKF Product Training
- ၉:၂၀ နိုင်ငံဝင်ငွေတိုးစေဖို့ $R_2E_2$ သရက်စိုက်ကြစို့
- ၉:၄၀ Movie Talk (ဇာတ်သဘင်မှ ရုပ်ရှင်သို့ ကူးပြောင်းလာသည့် မင်းသမီးများ) (အပိုင်း-၁) (ဒါရိုက်တာ -ကြည်စိုးထွန်း)
- ၁၀:၄၅ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်** အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ -အောင်မိုး(ပဲရစ်)]
- ၁၁:၀၀ စက္ကူလွင်လွင် ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၁၁:၁၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ
- ၁၁:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၅၀ VJ Choice
- ၁၂:၁၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
- ၁၂:၂၀ စိတ်၏စွမ်းအား Aikido အားကစား
- ၁၂:၄၀ ကြည်နူးဖူးမဝလေပြီ… ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
- ၁:၀၀ **ရက်တိုတို မဂ်ဖိုလ်ဝင်မည့် ဥာဏ်လမ်း တရားတော်** (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော်) ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ဂျေညီညီနှင့်တွေ့ဆုံခြင်း)
- ၃:၂၀ မြို့ကျောက်ဆည်၏ အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၄)
- ၄:၀၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄:၃၀ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲ ဇာဖက်ရှင်)
- ၅:၀၀ Activities in the City
  - စိန်ရတုမဟာ နာယက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ
  - M.Y Associates Co.,Ltd. ၏ SKF Product Training
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ VJ Choice
- ၆:၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့် ပတ်သက်သော ရောဂါများအကြောင်း)
- ၇:၂၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (Ancient Mega Structures; Angkor Wat)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၄)
- ၁၀:၀၀ မဲခေါင်မြစ်ဝှမ်းဒေသ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သော ဖြစ်ရပ်မှန်များ (MTV Exit)
- ၁၀:၂၅ Sports World
- ၁၀:၅၀ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
- ၁၁:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (ဂျေညီညီနှင့် တွေ့ဆုံခြင်း)
- ၁၁:၃၀ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲ ဇာဖက်ရှင်)
- ၁၁:၅၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့သြဘာ အကျိုးဆောင် တောင်သူကြီးများ ဂုဏ်ပြုပွဲ)
- ၁၂:၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့် ပတ်သက်သော ရောဂါများအကြောင်း)
- ၁၂:၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



## လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁**

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ(၁/၂၀၁၀)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၈ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများနှင့် ပြင်ပမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း၇၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ စုပေါင်းသစ်ပင်စိုက်ပျိုး

**ပုသိမ် ဇူလိုင် ၁**

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ၂၀၁၀ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက် ၈နာရီက ပုသိမ်မြို့ ကွန်ပျူတာတက္ကသိုလ် ကျောင်းရှေ့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**စုပေါင်းစိုက်ပျိုး**

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပုသိမ်တက္ကသိုလ်မှ ဆရာမများ၊ ဌာနဆိုင်ရာ အမျိုးသမီးများ စုစုပေါင်းအင်အား ၆၀၀ ကျော်နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ သစ်ပင်မျိုးစုံ စုစုပေါင်း အပင်ရေ ၁၈၅၀ကို စုပေါင်းစိုက်ပျိုးကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် အမှတ်(၂) ရပ်ကွက် ခရေပင်လမ်းနှင့် မြဝတီလမ်းပေါ်ရှိ ကျောက်စီကမ်းကပ်ခုံ သစ်သားတံတား ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇွန် ၁၆ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# ထားဝယ်-မြိတ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း
# သမုတ်-ဘုတ်ခြံလမ်းအပိုင်း မြေသားနှင့် တံတားတည်ဆောက်မှု
# အချိန်မီပြီးစီးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၈ရက် နံနက်ပိုင်းတွင် မြိတ်မြို့သို့ရောက်ရှိပြီး မွန်းလွဲ ၂ နာရီက မြိတ်မြို့ရှိ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။**

### တက်ရောက်

တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တနင်္သာရီတိုင်း သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာနှင့် မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူးတို့က မိုးစပါးလျာထားချက်များအပေါ် စိုက်ပျိုးပြီးစီးမှု၊ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့် မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး မြေယာဖော်ထုတ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်) တိုင်းမန်နေဂျာက နှစ်အလိုက် ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရန် လျာထားချက်အပေါ် ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### လေ့ကျင့်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရေး အပါအဝင် လုပ်ငန်းလိုအပ်ချက်များကို အကျယ်တဝင့် အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၉ရက် နံနက်ပိုင်းတွင် ပုလောမြို့နယ် အောက်ပေါင်းကျေးရွာ တောင်သူတစ်ဦး၏လယ်မြေ၌ ကျင်းပသည့် မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူများ၏ ဆင်းသွယ်လတ် မျိုးစပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှုနှင့် လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ရှင်းလင်းဆောင်၌ ပုလောမြို့နယ် ဥက္ကဋ္ဌက မြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က စပါးစိုက်တောင်သူများ ကောက်ကွက်ပြည့်မီစေရေးနှင့် အထွက်နှုန်းကောင်း စပါးမျိုးများကို အသုံးပြု စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများက နည်းပညာပေး ကွင်းဆင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

### ရှင်းလင်းပြသ

ထို့နောက် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း သမုတ် - ဘုတ်ခြံလမ်းအပိုင်းတွင် ရထားလမ်းအူကြောင်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် တူးမြေလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

### ဝိုင်းဝန်းကြိုးပမ်း

ထိုမှတစ်ဆင့် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာက သမုတ် - ဘုတ်ခြံလမ်းအပိုင်းတွင် ကုမ္ပဏီအလိုက် မြေသားလုပ်ငန်းများနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က အချိန်မီပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း သမုတ်-ဘုတ်ခြံ လမ်းအပိုင်းတွင် ရထားအူကြောင်း တစ်လျှောက် တူးမြေလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





## မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးပိုလာဖွယ်

နေပြည်တော် ဇူလိုင် ၁

**ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၂ဒသမ၃၂ လက်မ၊ သီပေါမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၁ဒသမ၆၁ လက်မစီ၊ လားရှိုးမြို့တွင် ၁ဒသမ ၅၇ လက်မနှင့် ကျောက်တော်မြို့တွင် ၁ဒသမ၃၈လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဇူလိုင် ၂ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့
## နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ-ညောင်ဦးမြို့များ
## လှည့်လည်ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာ

နေပြည်တော် ဇူလိုင် ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇွန် ၂၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။**

### ဖူးမြော်ကြည်ညို

ထို့နောက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ညပိုင်းတွင် ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၂၈ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

### တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တရုတ်ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် တရုတ်ဧည့်သည်တော်အဖွဲ့သည် နေပြည်တော် ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံနှင့် သမ္မတအိမ်တော်တည်ဆောက်နေမှု၊ နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် တရုတ်ဧည့်သည်တော်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအသင်း ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်မှ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပုဂံရှေးဟောင်း သုတေသနပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

### ဆည်းဆာအလှကြည့်

ဆက်လက်၍ နန်းမြင့်မျှော်စင်သို့ ရောက်ရှိပြီး မျှော်စင်အပေါ်ဆုံးထပ်မှ ပုဂံမြို့၏ ညနေဆည်းဆာအလှကို ကြည့်ရှုကြသည်။

ညပိုင်းတွင် တရုတ်ဧည့်သည်တော်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က Aureum Palace Hotel and Resort ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၃၀ရက် နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦးမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး မန္တလေးဈေးချိုရှိ ရွှေဟင်္သာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ကျောက်မျက်ရတနာ အရောင်းခန်းမ၊ မန္တလေးဈေးချိုတော်နှင့် မန္တလေးမြို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဦးစိန်မြင့် ရွှေချည်ထိုးလက်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ မန္တလေးတောင်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြ၍ မန္တလေးမြို့ရှုခင်းကို ကြည့်ရှုကြသည်။

### တည်ခင်းဧည့်ခံ

ညပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇူလိုင် ၁ရက် နံနက်ပိုင်းတွင် မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ဦးမြောက်သမ္မတအဖြစ် ဘီနှစ်နိုနိုင်နိုင်းအကီနို ရာထူးလက်ခံ

မနီလာ ဇူလိုင် ၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ပင်လယ်ကမ်းခြေရှိ ရီဇော်ပန်းခြံ၌ ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားကျင်းပရာ မစ္စတာဘီနှစ်နိုနိုင်နိုင်းအကီနိုက ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို၍ ရာထူးလက်ခံလိုက်သည်။

အခမ်းအနားသို့ အနည်းဆုံး ပြည်သူ ငါးသိန်းတက်ရောက်ကြောင်း သိရသည်။

**အနိုင်ရရှိ**

မစ္စတာနိုင်နိုင်းအကီနိုသည် အဂတိလိုက်စားမှု တိုက်ဖျက်ပစ်မည်ဟူသော ရွေးကောက်ပွဲမဲဆွယ်ကတိဖြင့် မေလ ဖိလစ်ပိုင်သမ္မတ ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

**အာမခံပြောကြား**

သမ္မတသစ် နိုင်နိုင်းအကီနိုက ရှည်ကြာသော ပုန်ကန်ထကြွမှုများ အဆုံးသတ်ရေးနှင့် တရားစီရင်ရေးစနစ် ခေတ်မီရေး တို့ကိုလည်း အာမခံပြောကြားလိုက်သည်။

သူသည် ဖခင်အတိုက်အခံ အထက်လွှတ်တော်အမတ် အကီနိုနှင့် မိခင်သမ္မတဟောင်း ကိုရာဇုန်အကီနိုတို့၏ သားဖြစ်သည်။ (အင်တာနက်)

## အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆော်ဒီအာရေဗျပိုမိုပါဝင်ရန် အမေရိကန်လိုလား

ဝါရှင်တန် ဇူလိုင် ၁

**ပါလက်စတိုင်း မွေးရပ်မြေလုံခြုံရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ရဲရင့်ပြတ်သားစွာဆောင်ရွက်ရေး အမေရိကန်အစိုးရက တိုက်တွန်းလျက်ရှိစဉ် ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလာသည် အမေရိကန်သမ္မတအိုဘားမားနှင့် တွေ့ဆုံဆွေးနွေးကြောင်း အင်တာနက်သတင်းတွင် ဇွန် ၃၀ရက်က ဖော်ပြပါရှိသည်။**

ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလာအား သမ္မတအိုဘားမားက အမေရိကန်သမ္မတ အိမ်ဖြူတော်ရုံးခန်း၌ ဇွန် ၂၉ ရက်က လက်ခံ



ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလာနှင့် အမေရိကန်သမ္မတ အိုဘားမား

တွေ့ဆုံစဉ် အီရတ်အရေး၊ ပါကစ္စတန်အရေးနှင့် အာဖဂန်နစ္စတန်အရေးတို့ကိုလည်း ဆွေးနွေးကြကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

**ဆွေးနွေး**

မိမိတို့သည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်တကွ ပါလက်စတိုင်းမွေးရပ်မြေ လုံခြုံရေးအတွက် ရဲရင့်ပြောင်မြောက်စွာ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း ဆွေးနွေးကြသည်ဟုဆိုသည်။

**သဘောတူညီ**

သမ္မတအိုဘားမားနှင့် ဆော်ဒီအာရေဗျဘုရင်အဗ္ဗဒူလာတို့သည် အစ္စရေးနှင့် ဆီးရီးယား နှစ်နိုင်ငံဆွေးနွေးပွဲနှင့်တကွ အစ္စရေးနှင့် လက်ဘနွန်နှစ်နိုင်ငံ ဆွေးနွေးပွဲများ အသီးသီးပြန်စရန် လိုအပ်ကြောင်း သဘောတူညီခဲ့ကြသည်ဟု သိရသည်။ (အင်တာနက်)



ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် သိပ္ပံနှင့်နည်းပညာပြပွဲ၌ ပြသထားသည့် လူသားစက်ရုပ်ကို ဇူလိုင် ၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## အာဖဂန်နစ္စတန်ရှိ နေတိုးအခြေစိုက်စခန်းကို တာလီဘန်တို့ လက်နက်ကြီးများဖြင့်ပစ်ခတ်

ကန်ဒါဟာ ဇူလိုင် ၁

ပါကစ္စတန်နိုင်ငံ နယ်စပ်ဒေသဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဂျလာလာဘတ်မြို့ အပြင်ဘက်ရှိ နေတိုးတပ်ဖွဲ့၏ လေဆိပ်အခြေစိုက်စခန်း၌ တာလီဘန် လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးသမားများ သေဆုံးခဲ့သည်ဟု ဇွန် ၃၀ရက်တွင် အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

သေနတ်သမားများက ကားဗုံးဖောက်ခွဲမှုတွင် ဒုံးပစ်လောင်ချာများဖြင့် အဆက်မပြတ် ပစ်ခတ်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ သို့ရာတွင် နေတိုးတပ်ဖွဲ့၏ သေကျေပျက်စီးမှု အခြေအနေကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

**အင်အားကြီးလာ**

အာဖဂန်နစ္စတန်၌ ပုန်ကန်ထကြွမှုများ အင်အားကြီးလာလိမ့်မည်ဟု အမေရိကန်ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရီယက်က သတိပေးပြောကြားပြီး နောက်တစ်ရက်တွင် ယင်းကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

## ဒါဖာသူပုန်များ တိုက်ခိုက်မှုကြောင့် လစ်ဗျားနယ်စပ်ဒေသ ဆူဒန်ပိတ်လိုက်ရ

ခါတွန် ဇူလိုင် ၁

**ဒါဖာသူပုန်များ စစ်ဆင်လှုပ်ရှားရာ ဒေသဖြစ်သည့် လစ်ဗျားနယ်စပ်ဒေသကို ဇူလိုင် ၁ရက်မှ စတင်ပိတ်လိုက်ပြီဖြစ်ကြောင်း ဆူဒန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။**

ဒါဖာဒေသမှ မငြိမ်မသက်မှုများကို အကြောင်းပြု၍ အထက်ပါဆုံးဖြတ်ချက်ကို လစ်ဗျားနိုင်ငံက နားလည်သဘောပေါက်သည်ဟု ဆိုသည်။

၂၀၀၈ခုနှစ်ကတည်းက ဒါဖာဒေသ၌ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များ ဖြန့်ကြက်ထားလျက်ရှိရာ ယခုနှစ်မေလအတွင်း တိုက်ခိုက်မှုများ၌ လူပေါင်း၆၀၀ခန့်သေဆုံးခဲ့သဖြင့် မေလတွင် သေဆုံးမှုအများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။ (အင်တာနက်)

**ခန့်မှန်း**

ဆူဒန်နှင့်လစ်ဗျားနှစ်နိုင်ငံ နယ်စပ်ဒေသတစ်ခုအဖြစ် ပါဝင်သည့် ဒါဖာဒေသ၌ ၂၀၀၃ခုနှစ်ကတည်းက ဆူဒန်အစိုးရတပ်ဖွဲ့နှင့် သူပုန်များအကြား ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း လူပေါင်း ၃၀၀၀၀၀ သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂက ခန့်မှန်းပြောကြားသည်။ ယင်းဒေသတစ်လျှောက် နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို ယခုတိုင် ဆက်လက်ထားရှိသည်။



ဟောင်ကောင်၌ ဖွင့်လှစ်သည့် ကုန်သွယ်ဖို့ဖြိုးမှုစင်တာ၌ ခရီးသွားဧည့်သည်များကို ဇူလိုင်၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## ပထမဆုံးပုဂ္ဂလိက လျှပ်စစ်ဓာတ်အားဖြည့်ဌာန ပေါ်တူဂီ၌ ဖွင့်လှစ်

လစ္စဘွန်း ဇူလိုင် ၁

ပေါ်တူဂီအစိုးရသည် လျှပ်စစ်မော်တော်ယာဉ်များ လျင်မြန်စွာ ဓာတ်အားဖြည့်တင်းနိုင်ပြီး ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် ရည်ရွယ်၍ ပထမဆုံး ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားဖြည့်တင်းရေးဌာနကို ဇွန် ၂၉ရက်က ဖွင့်လှစ်ပေးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

**ပြောကြား**

ပေါ်တူဂီအစိုးရအနေဖြင့် ၂၀၁၀ ခုနှစ်ကုန်ပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြည့်တင်းရေးဌာန ၃၂၀ အထိ အပြီးတည်ဆောက်သွားရန်နှင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း လျှပ်စစ်ဓာတ်အားဖြည့်တင်းရေးဌာနပေါင်း ၁၃၀၀ အထိရှိလာစေရေး ဆောင်ရွက်သွားရန် စီစဉ်ထားသည်ဟု ပထမဆုံးပုဂ္ဂလိက လျှပ်စစ်ဓာတ်အားဖြည့်တင်းရေးဌာန ဖွင့်ပွဲအခမ်းအနား၌ အစိုးရအရာရှိကြီးတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## တရုတ်နျူကလီးယားဓာတ်ပေါင်းဖို ရောင်းချရန် ပါကစ္စတန် တွန်းအားပေး

အစ္စလမ္မာဘတ် ဇူလိုင် ၁

တရုတ်နိုင်ငံက နျူကလီးယားအင်အားသုံး ဓာတ်ပေါင်းဖိုများ ပါကစ္စတန်သို့ ရောင်းချရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ရန် ပါကစ္စတန်သမ္မတ အလီဇာဒါရီက တွန်းအားပေးမည်ဟု ဇူလိုင် ၁ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

**စိုးရိမ်မကင်း**

တရုတ်နိုင်ငံက နျူကလီးယား ဓာတ်ပေါင်းဖိုနှစ်လုံး ပါကစ္စတန်သို့ရောင်းချမည့်အစီအစဉ်အပေါ် နိုင်ငံတကာက စိုးရိမ်မကင်းဖြစ်လျက်ရှိနေသည်။ ယင်းအချိန်ဝယ် တရုတ်နှင့်ပါကစ္စတန် အရပ်ဘက်သုံး နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်က တတိယနိုင်ငံ တစ်နိုင်ငံအတွက် ရည်ရွယ်ပြုလုပ်ခြင်းမဟုတ်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က ထောက်ပြပြောကြားသည်။

တရုတ်-ပါကစ္စတန် ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံတကာနျူကလီးယား မပြန့်ပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ **(အင်တာနက်)**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ယာဉ်ရပ်နားရာစခန်း၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင်၁ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## အမေရိကန် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှု လေးဦးသေဆုံး

*အစ္စလမ္မာဘတ် ဇူလိုင် ၁*

***တာလီဘန်စစ်သွေးကြွများအား ထောက်ခံသော မျိုးနွယ်စုများရှိရာ ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့၏ မောင်းသူမဲ့လေယာဉ်ပစ်ခတ်မှုကြောင့် ဇွန် ၂၉ရက်က အနည်းဆုံး လေးဦးသေဆုံးခဲ့ရသည်။***

*ဖော်ပြ*

*ဇွန် ၂၉ ရက်က ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ခရိုင် အနောက်မြောက်ပိုင်း ဝါနာမြို့ရှိ ကာရာကွတ်ကျေးရွာသို့ အမေရိကန်တပ်ဖွဲ့၏ မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် တာလီဘန် ခေါင်းဆောင်နေအိမ်ပျက်စီးပြီး စစ်သွေးကြွ လေးဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်လုံခြုံရေးအရာရှိ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။* အမ်အင်န်အေ၊ ဆင်ဟွာ

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - ရေးသားသည်

## ဆီးရီးယားနှင့်အီရန် ကဏ္ဍစုံ၌ပူးပေါင်းဆောင်ရွက်မည်

ဆီးရီးယားဝန်ကြီးချုပ် နာဂျီအိုထရီနှင့် အီရန်နိုင်ငံစီးပွားရေးနှင့် သိပ္ပံဆိုင်ရာ ကိုယ်စားလှယ်များ တွေ့ဆုံကာ နှစ်နိုင်ငံနယ်ပယ် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဆွေးနွေးသဘောတူညီခဲ့ကြကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၁ရက်၌ သတင်းထုတ်ပြန်သည်။

## တရုတ်ရေတပ် စစ်ရေးလေ့ကျင့်မှု ပြုလုပ်

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ရေတပ်သင်္ဘောများနှင့် ထောက်ပံ့ရေး လေယာဉ်များသည် တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ကျီကျင်းပြည်နယ် ကမ်းလွန်တွင် ဇူလိုင် ၁ရက်က စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း တရုတ်စစ်ဘက်က သတင်းထုတ်ပြန်သည်။

## ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်း ပြန်လည်မြင့်တက်လျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ ဇူလိုင် ၁ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၄၁ ဒသမ ၇၇ ရှိခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

## ပါလက်စတိုင်းနှင့် အစ္စရေး ဆွေးနွေးမည်

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးရန် ပါလက်စတိုင်းဝန်ကြီးချုပ် ဆလမ်ဖေယက်နှင့် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အီဟွတ်ဘာရက်စ်တို့ ယခုရက်ပိုင်းအတွင်း တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း အစ္စရေးအရာရှိများက ဇူလိုင် ၁ရက်၌ သတင်းထုတ်ပြန်သည်။

## အက်စ်-၃၀၀စနစ် ဖြည့်ဆည်းပေးရန် အီရန်တောင်းဆို

ရုရှားနိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ် အက်စ်-၃၀၀ဖြည့်ဆည်းပေးရန် အီရန်ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်စ် တောင်းဆိုလိုက်ပြီး ၂၀၀၇ ခုနှစ်က နှစ်နိုင်ငံ သဘောတူညီထားမှုကို အကောင်အထည်ဖော်ရန် ရုရှားတို့နှောင့်နှေးနေကြောင်း ၎င်းက ဇူလိုင် ၁ ရက်၌ ပြောကြားသည်။

## ကမ္ဘာ့လေယာဉ်ဈေးကွက် ရုရှားတို့ လွှမ်းခြုံထား

ရုရှားလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများသည် တစ်ကမ္ဘာလုံးရှိ လေယာဉ်ဈေးကွက်၌ ဈေးကွက်အများအပြားကို လွှမ်းခြုံမိထားကြောင်း၊ အင်န်-၁၂၄ ကွန်ဒေါ် အကြီးစားထောက်ပံ့ရေးလေယာဉ်များ၊ ခရီးသည် ၁၀၀ဆံ့ လေယာဉ်များကို စွမ်းအားပြည့် ထုတ်လုပ်ပေးနိုင်လျက်ရှိကြောင်း ရုရှားဝန်ကြီးချုပ်ပူတင်က ဇူလိုင် ၁ရက်၌ ပြောကြားသည်။

## အီရန်၏ပထမဆုံး နျူကလီယားအားပေးစက်ရုံ ဖွင့်လှစ်မည်

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီယားအစီအစဉ်၌ ငြိမ်းချမ်းစွာသုံးစွဲမှုကိုပြသသည့်အနေဖြင့် လာမည့်စက်တင်ဘာတွင် ပထမဆုံးနျူကလီယားစက်ရုံကို စတင်ဖွင့်လှစ်လည်ပတ်တော့မည်ဖြစ်ကြောင်း အီရန်နျူကလီယားစွမ်းအင်အရာရှိ ဆာလီဟီက ဇူလိုင် ၁ရက်၌ ပြောကြားသည်။

## တရုတ်အနောက်တောင်ပိုင်း၌ မိုင်းတွင်းပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ကျောက်မီးသွေးမိုင်းတွင်း တစ်တွင်း ဇူလိုင် ၁ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားကိုးဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ယူနန်ရဲတပ်ဖွဲ့က ပြောကြားသည်။

## တန်ဇန်းနီးယားအရှေ့ပိုင်း၌ စစ်ဘက်လေယာဉ်ပျက်ကျ

တန်ဇန်းနီးယားနိုင်ငံအရှေ့ပိုင်း တန်ဂါဒေသတွင် လေ့ကျင့်ပျံသန်းမှုပြုလုပ်နေသော တန်ဇန်းနီးယား စစ်ဘက်လေယာဉ်တစ်စင်း ဇူလိုင် ၁ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း တန်ဇန်းနီးယားစစ်ဘက်က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**



## ရုရှား၌ အင်ဂျင်နီယာနည်းပညာဖိုရမ် ဖွင့်လှစ်

ရုရှားနိုင်ငံ မော်စကိုမြို့၌ အင်ဂျင်နီယာနည်းပညာဖိုရမ်ကို ဇူလိုင် ၁ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ဆွေးနွေးပွဲများအပါအဝင် စစ်ဘက်သုံးယာဉ်များကိုလည်း ပြသခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ (အင်တာနက်)



# ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြည်၌ကျင်းပ

ပြည် ဇူလိုင် ၁

**ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်၂၁ ရက် နံနက် ၉နာရီက ပြည်မြို့ ပေါက်ကုန်းစစ်မှုထမ်းဟောင်းအိမ်ရာ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အမှာစကားပြောကြားပြီး တိုင်းသစ်တော ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းက လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များကိုဖြန့်ဝေပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်သည် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ ဦးစီးအရာရှိ ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများနှင့်အတူ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ သဘော်တည်(ရေတမာ) စသည့် ရတနာတန်းဝင်သစ်မျိုးနှင့်အရိပ်ရပင် ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးကြသည်။**(တိုင်းပြန်/ဆက်)**

# မိုးရာသီ သစ်ပင်စိုက်ပွဲ ဟားခါး၌ကျင်းပ

*ဟားခါး ဇူလိုင် ၁*

*ချင်းပြည်နယ် ဟားခါးမြို့ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၉ရက် နံနက် ၇နာရီက အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း၌ ကျင်းပသည်။*

*သစ်ပင်စိုက်ပွဲတော်သို့ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနေဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ကျော် တက်ရောက်ကြသည်။ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူး ဦးနေဝင်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် စိုက်ကွင်းအတွင်း သတ်မှတ်နေရာများ၌ သစ်ပင်များကို စိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)*

# လက်ခံယူ

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၅၄)နေ ဒေါ်စိုးစိုးက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒေါက်တာ ဦးလှမြင့်အောင်က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)



**ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့နှင့်အတူညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်ဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ဇွန် ၁၃ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ၊ ဈေးကော်မတီဝင်များနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းပြသစဉ်။**

(၁၅၂)



# ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးနေ ရဲမှူးကြီး အုန်းမြင့်အား ရည်စူး၍ ဒေါ်စိုးစိုးသိန်းနှင့် သား မောင်ဝေဖြိုးအောင် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)



# ပင်းတယ၌ စီမံကိန်းတာဝန်ပေးအပ်

ပင်းတယ ဇူလိုင် ၁

ပင်းတယမြို့နယ် စီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန်၂၀ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဇော်ဂျီ ဦးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးနေဝင်းက မြို့နယ်စီမံကိန်းလျာထားချက် အကောင်အထည်ဖော်နိုင်မှုနှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးမန်နေဂျာ ဦးချိုနိုင်ထွန်းက စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးစိုးသန်းက စိုက်ပျိုးမြေနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြကာ ဌာနဆိုင်ရာများနှင့် မြို့မ(၁၂)ရပ်ကွက်ရှိ ကျေးရွာအုပ်စု၂၇ အုပ်စုသို့ စီမံကိန်းတာဝန်များပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# မိုးညှင်းစည်ပင် မြေယာရှုခင်း အလှပြုပြင်

မိုးညှင်း ဇူလိုင် ၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့သည် ဇွန် ၁၆ ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ်းလဲ့သာယာပန်းခြံတွင် ကလေးကစားကွင်းများ၊ ရေကန်အလှဆောင်ရွက်ထားရှိမှုနှင့် မြေယာရှုခင်းအလှ ပြုပြင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**ချောင်းဦးမြို့နယ် စည် ပင် သာ ယာ ရေး အဖွဲ့အမှုဆောင် အရာရှိ ဦးကျော်စိုးနှင့်အငယ်တန်း အင်ဂျင်နီယာ(၂)ဦးဝင်းမြင့်တို့ ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်စက်ရေတွင်းများ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးအတွက် မေ ၂၉ရက်က ကမ္ဘကျေးရွာ စက်ရေတွင်းကြွံခိုင်မှုနှင့် အသုံးပြုမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်(**အောက်ယာပုံ**)သည် ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၆ ရက် နံနက် ၇နာရီခွဲက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်သို့ သွားရောက်၍ တိုင်းရင်းဆေးတက္ကသိုလ်ရှိ E-Library ၌ ပေစာနှင့် ကျောက်စာများမှ တိုင်းရင်းဆေးနည်းများကူးယူ ထိန်းသိမ်းထားရှိမှု၊ လှူဒါန်းထားသော ပေစာနှင့်ပေထုပ်များ သိမ်းဆည်းထားရှိမှု၊ တိုင်းရင်းဆေးထုတ်လုပ်မှုနည်းပညာများ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ကွန်ပျူတာအသုံးပြုမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းဆေးပြတိုက်ဌာန၌ သဘာဝတိုင်းရင်းဆေးဖက်ဝင်အပင်များပြသထားမှု၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၏ တိုင်းရင်းဆေး၌အသုံးဝင်မှု၊ ဓာတုဗေဒပစ္စည်းများကို တိုင်းရင်းဆေး၌ အသုံးချမှု၊ ကျမ်းကိုးတိုင်းရင်းဆေးဖော်စပ်မှုများနှင့် တက်နွယ်ကျောင်း ကျောက်စာထိန်းသိမ်းထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁နာရီတွင် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သွားရောက်၍ တိုးချဲ့သုံးထပ်ဆောင် ဆောက်လုပ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်၌ အောင်ကောင်းကျော်ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးကျော်ဝေနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ညိုညိုလတ်တို့က ဆောက်လုပ်မည့်ပုံစံ၊ လျာထားချက်၊ မြေနေရာနှင့် လူနာစောင့်များ နားနေဆောင်ဆောက်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက လျာထားချက်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့သည်။



### ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သားဖွားသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ကြီးဒေါ်မော်လီနှင့် သင်တန်းသူများအားတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီသည် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေ ဗွီစီဒီ၊ ဒီဗွီဒီခိုးကူးချပ်၊ ပွားချပ်များ အသုံးမပြုရေးအတွက် အသိပေးရှင်းလင်းမှုများကို ဆောင်ရွက်လျက်ရှိရာ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေ ဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများကိစ္စနှင့် စပ်လျဉ်း၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ထိရောက်သောပြစ်ဒဏ်များ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၇ရက် မွန်းလွဲ ၁နာရီခွဲက မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်(**အောက်ပုံ**)က အမှာစကားပြောကြားပြီး မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌဦးမိုးကျော်ထွန်းတို့က ခိုးချပ်၊ ပွားချပ်များ သုံးစွဲမှုမရှိစေရန်၊ မူရင်းအချပ်များကိုသာ ဝယ်ယူသုံးစွဲရန်နှင့် လိုအပ်သော ဗီဒီယိုဥပဒေ၊ စည်းမျဉ်းစည်းကမ်းဥပဒေ၊ ထိရောက်သော ပြစ်ဒဏ်များကို အသိပေးရှင်းလင်း ဆွေးနွေးကြကာ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က တက်ရောက်လာကြသော လုပ်ငန်းရှင်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

### အသိပေးရှင်းလင်း

အလားတူ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်း၌ ဆင်ဆာမဲ့မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေဗွီစီဒီ၊ ဒီဗွီဒီ ခိုးကူးခွေများ အသုံးမပြုရေးအတွက် အသိပေးရှင်းလင်းမှုများကို ဇွန်၂၈ရက် နံနက် ၁၀နာရီခွဲက မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ စစ်ကိုင်းတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် စစ်ကိုင်းတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အသိပေးရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# လုပ်ကိုင်နိုင်စွမ်းရည်သစ် မိတ်ဆက်



ရန်ကုန် ဇူလိုင် ၁

မြန်မာကိုင်ဒိုကုမ္ပဏီက တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော ဂျပန်နိုင်ငံထုတ် Kobelco Hydraulic Excavator (Acera Geospec Super) ၏ လုပ်ကိုင်နိုင်စွမ်းရည်သစ် မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဇွန်၂၇ရက် ညနေ ၃နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ညွန့်ဦး (**အပေါ်ပုံ**)က အဖွင့်အမှာစကားပြောကြားပြီး Kobelco Acera Super ၏ လုပ်ကိုင်နိုင်စွမ်းရည်သစ်ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

### ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ရန်ကုန်မြို့ရှိ ဒူးဆစ်အင်းယားလိတ်ဟိုတယ်မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာနှင့် Kobelco International(S) Co., Ptd. Ltd. မန်နေဂျင်းဒါရိုက်တာ Mr.Takehiko Nakai တို့က Kobelco Acera Geospec SUPER SK250 ၏ စက်စွမ်းရည်သစ် လက်တွေ့သရုပ်ပြပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

Kobelco အမှတ်တံဆိပ်ယန္တရားများသည် ဂျပန်နိုင်ငံ ဟီရိုရှီးမားမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွက် မြန်မာကိုင်ဒိုကုမ္ပဏီက တိုက်ရိုက်တင်သွင်း ဖြန့်ချိသည်။ ယခုအခါ Acera Geospec Super သည် နောက်ဆုံးထုတ် Model ဖြစ်သည်။

မျိုးဆက်သစ် GEOSPEC ၏ လုပ်ဆောင်နိုင်မှု စွမ်းပကားများသည် ပိုမိုမြင့်မားလာသော လုပ်ဆောင်နိုင်မှု၊ စက်သုံးစွဲမှုစရိတ် သက်သာစေပြီး ပိုမိုအကျိုးအမြတ် ဖြစ်ထွန်းစေနိုင်မှုနှင့် စက်သုံးစွဲရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေနိုင်မှုတို့ဖြစ်သည်။ ထို့အပြင် ဆီစားနှုန်းသက်သာပြီး လုပ်ငန်းဆောင်ရွက်ချိန် ပိုမိုကြာမြင့်သည်။ ကြမ်းတမ်းစွာဖြင့် လုပ်ငန်းကြီးများကို ဆောင်ရွက်နိုင် သည်။ ၂၀တန်မှ၈၅တန်အထိ Operating Weight တာဝန် ထမ်းဆောင်နိုင်သည့် ယန္တရားကြီးများကို ရရှိနိုင်ပြီး မြန်မာကိုင်ဒိုကုမ္ပဏီမှ After Sales Services နှင့် Spare Parts Supply တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု စီမံခန့်ခွဲမှုသင်တန်းဆင်း

*နေပြည်တော် ဇူလိုင် ၁*

*သဘာဝဘေး ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄/၂၀၁၀) သင်တန်းဆင်းပွဲကို ဇွန် ၂၆ရက် မွန်းလွဲ ၂နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် ဇူလိုင် ၁

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု၊ သုတ ပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)ဒုတိယဆုရ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)ရေးသားသည့် သိကောင်းစရာ e-Commerce စာအုပ်ကို စာအုပ်အသင်း၏ ၆၁ အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စင်ကာပူ အိုလံပစ် အသင်းနှင့် အကဲစမ်းမည့် မြန်မာ့ လက်ရွေးစင် ဘောလုံး အသင်း။

# စင်ကာပူ အိုလံပစ်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းခြေစမ်းမည်

**သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု-လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)**

ရန်ကုန် ဇူလိုင် ၁

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့အပြီး ပြိုင်ပွဲခေတ္တရပ်နားထားချိန်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၊ မြန်မာယူ-၂၃ ဘောလုံးအသင်းတို့နှင့် စင်ကာပူအိုလံပစ် အသင်းတို့ သုဝဏ္ဏကွင်း၌ ခြေစမ်းကြမည်ဖြစ်သည်။

### ရွေးချယ်

စင်ကာပူအိုလံပစ်အသင်းမှာ အိုလံပစ်လူငယ်အားကစားပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် အသင်းဖြစ်ပြီး လာအိုဆီးဂိမ်းပြိုင်ပွဲဝင် အသင်းကို အခြေခံထားသည်ဟု သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့် ဦးဆန်းဝင်း၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ မြန်မာယူ- ၂၃ အသင်းကို နည်းပြချုပ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်းနှင့် ဦးစိုးမိုး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်တို့က ဆောင်ရွက်လျက်ရှိပြီး ဇွန်၂၈ရက်က နှစ်သင်း ခြေစမ်းပွဲကစားကာ အပြီးသတ်ကစားသမားများ ရွေးချယ်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး-** ညီညီလွင်(ဇေယျာရွှေမြေ)၊ ကျော်ဇင်ထက် (ကမ္ဘောဇ)၊ **နောက်တန်း-** ခင်မောင်ထွန်း (ရတနာပုံ)၊ ဌေးအောင် (ရန်ကုန်ယူနိုက်တက်)၊ ဇော်လင်းထွန်း-၂(ဇေယျာရွှေမြေ)၊ မင်းသူ (ဇေယျာရွှေမြေ)၊ ဝင်းမင်းထွဋ် (ကမ္ဘောဇ)၊ ကျော်ခိုင်ဝင်း (ရတနာပုံ)၊ နီမောင်မောင်အောင်(ဥသျှောင်ယူနိုက်တက်)၊ မင်းကိုကို(ဇေယျာရွှေမြေ)၊ **အလယ်တန်း-** မျိုးမင်းထွန်း(ရန်ကုန်ယူနိုက်တက်)၊ လွင်ဦး (မကွေး)၊ အောင်ကျော်မိုး(ရတနာပုံ)၊ နိုင်ဦးလွင်(ရန်ကုန်ယူနိုက်တက်)၊ ခင်မောင်လွင် (ကမ္ဘောဇ)၊ ဇော်ထက်အောင် (ရန်ကုန်ယူနိုက်တက်)၊ သက်နိုင် (ရတနာပုံ)၊ ဟိန်းဇာအောင် (မကွေး)၊ **ရှေ့တန်း-** ရန်ပိုင် (ရတနာပုံ)နှင့် ကျော်သူရ (ရန်ကုန်ယူနိုက်တက်)တို့ ပါဝင်ကြသည်။

### ပါဝင်ကြ

မြန်မာ ယူ-၂၃အသင်းတွင် **ဂိုး-** သီဟစည်သူ (ဒယ်လ်တာယူနိုက်တက်)၊ ဇာနည်မင်း (ဆောက်သမ်း)၊ **နောက်တန်း-** ရန်အောင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ အေးဆန်း (ကမ္ဘောဇ)၊ မင်းမင်းသူ (ဒယ်လ်တာယူနိုက်တက်)၊ ရွှေလိုင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ ကျော်ကျော်မျိုး (မကွေး)၊ ဆန်းမင်း(ဥသျှောင်ယူနိုက်တက်)၊ ထွန်းလင်းအောင် (ဒယ်လ်တာယူနိုက်တက်)၊ နိုင်လင်းထွန်း(မကွေး)၊ မိုးဝင်း (ကမ္ဘောဇ)၊ **အလယ်တန်း-**လှအေးထွေး (ဒယ်လ်တာယူနိုက်တက်)၊ တင်ဝင်းအောင်(ရန်ကုန်ယူနိုက်တက်)၊ အောင်မြင့်အေး(မကွေး)၊ ကျော်ဇေယျာဝင်း (ဒယ်လ်တာယူနိုက်တက်)၊ ရန်အောင်ကျော် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးဦး (မကွေး)၊ ရဲဝေယံစိုး (ဇေယျာရွှေမြေ)၊ သိန်းသန်းဝင်း (မကွေး)၊ **ရှေ့တန်း-** ရာဇာဝင်းသိန်း(ဇေယျာရွှေမြေ)၊ စိုးမင်းဦး (ကမ္ဘောဇ)၊ မိုင်အိုက်နိုင် (ဥသျှောင်ယူနိုက်တက်)နှင့် ကျော်ကိုကို(ဇေယျာရွှေမြေ)တို့ ပါဝင်ကြသည်။

### ကစားကြမည်

ဇူလိုင် ၂ရက်တွင် မြန်မာယူ- ၂၃ အသင်းနှင့် စင်ကာပူအိုလံပစ်အသင်း၊ ဇူလိုင် ၄ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူအိုလံပစ်အသင်းတို့ ကစားကြမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်၊ ရိုးရိုးတန်း ကျပ်ငါးရာ သတ်မှတ်ထားပြီး ညနေ၃နာရီခွဲတွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**





# နေပြည်တော်ပျဉ်းမနား၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ဇွန် ၂၆ ရက် နံနက်ပိုင်းကကျင်းပသည့် နေပြည်တော်ပျဉ်းမနား မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းမှူးက စိန်ပန်းပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများထံ အပင်များကိုပေးအပ်သည်။ ထို့နောက် တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

**ဗန်းမော် ဇူလိုင် ၁**

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆင်ဖြူရှင်လမ်းပေါ်ရှိ ရေနုတ်မြောင်းများ တူးဖော် ရှင်းလင်း ဆောင်ရွက်နေမှုကို မေ ၂၀ရက်က ဥက္ကဋ္ဌအရာရှိ ဦးမြင့်ဦးနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးတင်မောင်သန်းတို့ကကြီးကြပ်ဆောင်ရွက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**



## TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁**

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် စာစောင် အတွဲ(၂)၊ အမှတ်(၅)ကို ဇူလိုင် ၁ရက် (ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်းတွင်ပြသမည့် MTV at the Movies အစီအစဉ်၌ကြည့်ရှုရမည့် The Karate Kid ဇာတ်ကားအကြောင်း၊ MTV Hits အစီအစဉ်တွင်ကြည့်ရှုရမည့် Miley Cyrus ၏အသစ်ထွက်ရှိလာသည့် အယ်လ်ဘမ်အသစ်၊ Channel V ရုပ်သံလိုင်းတွင် ပြသမည့် Asian Takeaway အစီအစဉ်၌ ကြည့်ရှုရမည့် Rain ၏ Love Song သီချင်းကို နားဆင်ရမည့်အကြောင်း၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် The Proposal, Fight Night, Pathology စသည့် ဇာတ်ကားများအပါအဝင် အမျိုးအစားစုံလင်လှသည့် စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၏အစီအစဉ်များ၊ Star World တွင်ပြသမည့် Cougar Town, Parenthood အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင်ပြသမည့် အစီအစဉ်သစ် တစ်ခုဖြစ်သည့် My Dog Ate What? အစီအစဉ်နှင့် နှစ်ပေါင်း ၁၅၀၀ခန့်က သီရိလင်္ကာနိုင်ငံရှိ ခံတပ်ကြီးမှ ပျားတွေအကြောင်း၊ Animal Planet ရုပ်သံလိုင်းတွင်ကြည့်ရမည့် တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်မှလွတ်မြောက်လာသူများအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် I'M Alive အစီအစဉ်နှင့် ဖျံများ၏ ချစ်စဖွယ်ဓလေ့စရိုက်များအားပြသမည့် Sportlight: Earth အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ကြည့်ရမည့် အိန္ဒိယမင်းသားချော ရှာရွတ်ခန်းအကြောင်း ပြသမည့် အစီအစဉ်နှင့် Life's A Trip With Andrew Anthony အစီအစဉ်၊ မြန်မာစကားပြော၊ မြန်မာစာတန်းထိုးများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရမည့် How Stuff Works, Fight Quest! အစီအစဉ်များ၊ ESPN နှင့် Star Sport ရုပ်သံလိုင်းတွင် ဟော့ဒေါ့စားရင်းကြည့်ရမည့် အားကစားအလွဲများအကြောင်း၊ V8 Supercar ပြိုင်ပွဲများအကြောင်း၊ ဟော့ဒေါ့အစားပြိုင်ပွဲများအကြောင်း၊ 5 Series ရုပ်သံလိုင်းတွင် အသစ်ပြသမည့် သူမဟုတ်တဲ့ကျွန်တော် ဇာတ်လမ်းတွဲအသစ်အကြောင်း၊ မြန်မာစာတန်းထိုး၊ မြန်မာစကားပြောများဖြင့် ကြည့်ရမည့် Multi Max ရုပ်သံလိုင်းမှ အစီအစဉ်များ၊ ပရိသတ်များအတွက် လက်ဆောင်များရယူနိုင်မည့် အားကစား၊ အထွေထွေဗဟုသုတနှင့် ဖျော်ဖြေရေးဘာဏ်စမ်းပဟေဠိစာမျက်နှာများ၊ Mandalay FM တွင် နားဆင်ရမည့် နန်းဆုရတီစိုးရွေးချယ်ပေးသည့် အဲလက်စ်နှင့် သူ၏သီချင်းများ အယ်လ်ဘမ်အကြောင်း၊ ရတနာမိုင်ရဲ့မရှိလို့မဖြစ် တေးစီးရီးသစ်အကြောင်း၊ MRTV-4 မှ အစီအစဉ်များနှင့် ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာအစီအစဉ်အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြားအစီအစဉ်၏ ၁၅ရက်စာ အစီအစဉ် အချိန်ဇယားများပါဝင်သည်။

၁၅ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို ရောင်းဈေးကျပ် ၅၀၀ဖြင့် Novel Light Express ဖြန့်ချိရေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ဘားအံမြို့၌ မြေစိုက်ပိုစတာစိုက်ထူ

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ရက် နံနက်၈နာရီက ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိလမ်းနှင့် ခရေလမ်းဆုံ၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

ဆက်လက်၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာန ဌာနကြီးမှူး ဒေါ်နန်းအေးကြည်နှင့် ဘားအံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နော်အိမ်ဂျလာဖေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်မြင့်အေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## ကျောက်ဆည်အသင်း စုပေါင်းလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

*ရန်ကုန် ဇူလိုင် ၁*

*ကျောက်ဆည်အသင်း(ရန်ကုန်) နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲနှင့် စတုတ္ထအကြိမ် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ အသင်းဓမ္မာရုံဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် ယခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသားသမီးများစာရင်းကို သက်ဆိုင်ရာ ကျောင်းထောက်ခံစာများနှင့်အတူ ဇူလိုင် ၁၂ရက် အရောက် အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အသင်းဝင်များနှင့် ကျောက်ဆည်နွယ်ဖွားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။* *(သတင်းစဉ်)*

**စစ်တွေမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ချင်းပုံလမ်း တံတားထိပ်တွင် စက်ယန္တရားဖြင့် ရေမြောင်းများ ဆယ်တင်လျက်ရှိရာ ဇွန် ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးအောင်သန်းနှင့် ဒုတိယဦးစီးမှူး(သန့်ရှင်းရေး)တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**(မြို့နယ်စည်ပင်)



# မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

**ရန်ကုန် ဇူလိုင် ၁**

## ရန်ကုန်ပညာရေးတက္ကသိုလ် ဆရာကန်တော့ပွဲ

*ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၈၀ပြည့်နှစ်ဆင်း ကျောင်းသား ကျောင်းသူများ၏ နှစ် (၃၀)ပြည့် အထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို လာမည့်ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပရန်ရှိရာ ဖုန်း- ၀၉-၅၀၁၆၁၉၇၊ ၀၉-၆၈၀၂၃၃၉ နှင့် ၀၉-၅၁၄၈၇၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

## ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းဖြန့်ချိထား

*ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းကို ကလောင်အင်အားစုံလင်စွာဖြင့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးများ၊ မျိုးချစ်စိတ်ဓာတ်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသနှင့် မေတ္တာဖွဲ့ရသများ ပါဝင်သော ဝတ္ထုများဖြင့် ထုတ်ဝေဖြန့်ချိထားပြီး ဖုန်း-၃၇၁၂၄၄နှင့် ၅၅၉၂၇၃တို့သို့ ဆက်သွယ်မှာယူဖတ်ရှုနိုင်သည်။*

## မြန်မာနိုင်ငံစာရင်းကိုင်များအသင်း သင်တန်းဖွင့်မည်

***မြန်မာနိုင်ငံစာရင်းကိုင်များအသင်းက တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသူများနှင့် ပညာသင်ယူရန် အခက်တွေ့နေသူများအတွက် တနင်္ဂနွေနေ့ တစ်ရက်တည်းတက်ရသော အခမဲ့စာရင်းကိုင် သင်တန်းကို ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့)မှစ၍ သင်ကြားမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉နှင့် ၀၉-၅၄၁၀၉၀၉ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။***

## ဝါးခယ်မမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ

*ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းတိုက်တည်ရာ ရန်ကုန်မြို့ လသာမြို့နယ် စဉ့်အိုးတန်းလမ်း အမှတ် ၁၂ ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း- ၅၄၉၃၀၁နှင့် ၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

## ဂေါက်သီးရိုက်မိတ်ဆွေများအသင်း ပြိုင်ပွဲပါဝင်ဆင်နွှဲနိုင်

***ဂေါက်သီးရိုက်မိတ်ဆွေများအသင်း(GPA)၏ မုတ်သုံရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင်၄ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် သန်လျင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားထားသည်။***

## အရှေ့တောင်အာရှ(၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ

*အားကစားဝန်ကြီးဌာန၊ အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် (အမျိုးသား)ဘတ်စကက်ဘော ပြိုင်ပွဲကို ဇူလိုင် ၅ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏကွင်း၌ နေ့စဉ်နံနက် ၉နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။*

## ကုန်သည်/စက်မှုအသင်းချုပ်သင်တန်းများတက်ရောက်နိုင်

***ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ UMFCCI Training Institute သည် လုပ်ငန်းခွင်လက်တွေ့အသုံးပြုရန် စာရင်းကိုင်ပညာနှင့် အင်္ဂလိပ်စာသင်ယူမှု သင်တန်းများကို ဇူလိုင် ၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၂၁၄၃၄၄နှင့် ၂၁၇၄၈၀၀တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်သည်။***

## မြန်မာနိုင်ငံဓာတ်ပုံအသင်း ဈေးရောင်းပွဲတော်ခင်းကျင်း

*မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၁၀)ကြိမ်မြောက် မိုးရာသီကင်မရာနှင့် အပိုပစ္စည်း ဈေးရောင်းပွဲတော်ကိုရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၅လမ်း(အောက်) အမှတ် ၂၇/ ၂၉၌ ဇူလိုင်၂ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။*

## ဆန်စပါးလုပ်ငန်းအသင်း ရန်ကုန်တိုင်း အသင်းခွဲများဖွဲ့စည်းမည်

***မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ရန်ကုန်တိုင်းတွင် မြို့နယ်အဆင့်အသင်းခွဲများနှင့် တိုင်းအဆင့်အသင်းခွဲ ဖွဲ့စည်းရေးအတွက် ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ဇူလိုင် ၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။*** ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

# ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ

မြန်မာနိုင်ငံ၏ထူးခြားသည့် ဂုဏ်ပြုနေ့များအနက် အမျိုးသမီးထုတစ်ရပ်လုံးအား ကိုယ်စားပြုသော **'မြန်မာအမျိုးသမီးများနေ့'** သည်လည်း ထူးခြားစွာ ပါဝင်ပါသည်။

အမျိုးသမီးများနေ့သည် -

- မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန် စံနမူနာပြ ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော အမျိုးသမီးများ။
- မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန်၊ အမျိုးအနွယ်မတိမ်ကောစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြသည့် အမျိုးသမီးများ။
- မြန်မာ့လူ့ဘောင် ရှင်သန်ဖြစ်ထွန်းတိုးတက်စေရန် ကျရာအခန်းကဏ္ဍအသီးသီး၌ သယ်ပိုးထမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများ။

အားလုံးတို့ကို စုပေါင်းဖော်ညွှန်း၊ မော်ကွန်းတင်အပ်သော မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဂုဏ်ယူဝမ်းမြောက်ဖွယ် မင်္ဂလာရှိသောနေ့တစ်နေ့ပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက်တွင် မျိုးချစ်စိတ်ထက်သန်၍ စွမ်းရည်ထက်မြက်သည့် မြန်မာအမျိုးသမီးအသိပညာရှင်၊ အတတ်ပညာရှင်နှင့် အနုပညာရှင်၊ စာပေဂီတပညာရှင်များပေါ်ထွန်းခဲ့ကြရာ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိခဲ့ကြပေသည်။

မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးတမ်းအရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ ဝံသာနုရက္ခိတ တရားဟုခေါ်သော အမျိုးကိုစောင့်ရှောက်ခြင်းနှင့် အမျိုးသမီးတို့၏သိက္ခာပုဒ်ကို အမျိုးသမီးတို့၏အင်အားအဖြစ် တန်ဖိုးထား၍ ထိန်းသိမ်းတတ်ကြသူများဖြစ်ပါသည်။ ရိုးသားဖြူစင်သောစိတ်ဓာတ်၊ ယဉ်ကျေးသောအမူအကျင့်၊ ဘာသာရေးကိုင်းရှိုင်းသော အစဉ်အလာ၊ အများအကျိုး စုပေါင်းဆောင်ရွက်တတ်သော ဓလေ့စရိုက်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားထိန်းသိမ်းခြင်းတို့တွင် အာရှ၏ကိုယ်ပိုင်လက္ခဏာများနှင့် စံနမူနာတင်ရသည့် မြန်မာ့လူမျိုးများအဖြစ် ယနေ့တိုင် ထင်ရှားဆဲဖြစ်ပါသည်။

ထို့အတူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများအနေဖြင့် ပင်ကိုဗီဇ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ အရှက်သိက္ခာ၊ ဣန္ဒြေကြီးခြင်းတို့မှာ မွေးရာပါထူးခြားသော ဝိသေသများအဖြစ် ရှေးယခင်ကပင်ရှိနှင့်ပြီးဖြစ်ပေရာ နောင်လာနောက်သားမျိုးဆက်သစ် မေမြန်မာ မိန်းကလေးများအနေနှင့် ထိုဂုဏ်ရည်တို့ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ကြဖို့ လိုအပ်လှပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် ကြားသိနေကြရသည့်အတိုင်း တစ်ဖက်နိုင်ငံသို့ ပို့ရန် နည်းမျိုးစုံသုံးပြီး လူကုန်ကူးခြင်း၊ မိမိနိုင်ငံယဉ်ကျေးမှုနှင့်မကိုက်ညီသော အခြားနိုင်ငံ၏ လွဲမှားသည့်ယဉ်ကျေးမှုများကို အတုယူမှားစေရန် ကဏ္ဍမျိုးစုံ၊ နည်းမျိုးစုံသုံးကာ မက်လုံးပေးဆွဲဆောင်ခြင်းများ၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် မရိုးရအောင်ရှိနေကြပေရာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ဘဝ လုံခြုံဘေးကင်း၍ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါသည်။

ထို့နောက်တွင် စွမ်းရည်ဂုဏ်ဒြပ်များနှင့် ထူးချွန်ထက်မြက်၍ နိုင်ငံနှင့် အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သောစိတ်ဓာတ်၊ ကောင်းမြတ်သော ဂုဏ်ရည်များကို ပိုင်ဆိုင်သည့် မြန်မာအမျိုးသမီးအင်အားစုကြီးတစ်ရပ်လုံး၏စည်းလုံးမှုအင်အားဖြင့် အမျိုးသမီးများ၏အကျိုးစီးပွားကိုဖော်ဆောင်သည့် အနေဖြင့်လည်းကောင်း၊ ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း ၁၉၉၈ခုနှစ်မှ စတင်ကာ နှစ်စဉ် ဇူလိုင်လ ၃ရက်နေ့ကို **'မြန်မာအမျိုးသမီးများနေ့'** အဖြစ် သတ်မှတ်၍ အခမ်းအနားများ ကျင်းပခဲ့သည်။

## အင်ကြင်းမွေး (နေပြည်တော်)

မျက်မှောက်ခေတ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခေတ်စနစ်၊ နည်းပညာများ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲနေပြီဖြစ်ရာ အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးများဘဝ လုံခြုံမှုရှိနိုင်ရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအား လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် **'မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်'** အဖြစ် ပြင်ဆင် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ရည်ရွယ်ချက် (၇)ရပ်နှင့် အမျိုးသမီးများ ဘဝအတွက် ဗဟိုမှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ မြို့နယ်၊ မြို့နယ်မှရပ်ကွက်/ ကျေးရွာအုပ်စုအထိ အမျိုးသမီးရေးရာအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်း၍ နိုင်ငံတော်နှင့်အတူ အမျိုးသမီးများ၏ဘဝကို မြှင့်တင်ဖော်ဆောင်ပေးနေပြီဖြစ်ပါသည်။ ထို့ပြင် ကွန်ပျူတာ၊ နက္ခတ္တဗေဒ၊ စာရင်းကိုင်၊ အင်္ဂလိပ်စကားပြော၊ စက်ချုပ်၊ ဇာထိုးပန်းထိုး၊ သစ်သီးနှင့် ပန်းအလှပြင် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ နွမ်းပါးသော ကလေးသူငယ်များ၊ ဆွံ့အနားမကြားကျောင်းများ၊ ဆေးရုံများ၊ ဆေးရုံရှိလူနာများ စသည်တို့ကို အထောက်အကူပစ္စည်းများပေးခြင်း၊ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ သွေးလှူခြင်းများကို စိတ်ရင်းစေတနာကောင်းနှင့် ပြုလုပ်လျက်ရှိကြ၏။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း နိုင်ငံနှင့်လူမျိုး အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ကာ ဆောင်ရွက်လျက်ရှိနေကြသည်ကို အများပြည်သူများ အထင်အရှားတွေ့မြင်နေကြရပြီ ဖြစ်ပါသည်။

ယခင်ကကဲ့သို့ **'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ လျော်အောင် ဖြန့်ချီ၊ ပျင်းရိမမှု'** ဟူသော ဆိုစကားများနှင့် အိမ်တွင်း၌ မီးခိုအဖြစ်နေရသောဘဝများ၊ **'သားကိုသခင် လင်ကိုဘုရား'** အဖြစ် မိန်းမသားဘဝ၊ **'ခြေတစ်လှမ်းကုဋေတစ်သန်း'** လုပ်ဆောင်နေရုံမျှဖြင့် ကျေနပ်ဂုဏ်ယူနေကြ၍ မဖြစ်တော့ပြီဖြစ်သော ယနေ့ကာလတွင် နိုင်ငံတော်က မြန်မာအမျိုးသမီးများ၏ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများချမှတ်ပြီး အဘက်ဘက်မှ အားပေးကူညီလျက်ရှိရာ မြန်မာအမျိုးသမီးအားလုံးကလည်း မိမိတို့၏အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်အား ပိုမိုမြှင့်တင်၍ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းအသီးသီးတွင် နိုင်ငံ့ပခုံး၊ နိုင်ငံ့လက်ရုံးများအဖြစ် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

စွမ်းဆောင်မှုဂုဏ်ရည်မြင့်မားသည့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်စေရန် ပခက်လွှဲသော ရွှေလက်များ၏အားဖြင့် မြန်မာယဉ်ကျေးမှု ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းလျက် **'ကမ္ဘာတစ်လွှား ဝင့်ကာကြွားနိုင်သော တို့မြန်မာအမျိုးသမီးများ'** အဖြစ် အနာဂတ်ကို အလှဆင်နိုင်သူများဖြစ်ကြပါစေဟု ဆုတောင်းရင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ရောက်ရှိလာမည့် မြန်မာအမျိုးသမီးများနေ့အား လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြု လိုက်ရပါတော့သတည်း။ ။

**ယနေ့ကာလတွင် နိုင်ငံတော်က မြန်မာအမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများချမှတ်ပြီး အဘက်ဘက်မှ အားပေးကူညီလျက်ရှိရာ မြန်မာအမျိုးသမီးများအားလုံးကလည်း မိမိတို့၏ အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို ပိုမိုမြှင့်တင်၍ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းအသီးသီးတွင် နိုင်ငံ့ပခုံး၊ နိုင်ငံ့လက်ရုံးများအဖြစ် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြ။**

## မြန်မာပြည်ဖွား သမီးများ

* ဒို့မြန်မာအမျိုးသမီးများ
ရိုးသားတဲ့ဂုဏ်အင်
လေးစားဖွယ်ပင်။
စိတ်ထားမြတ်ဖွေးဖြူစင်
ယဉ်ကျေးတဲ့စကား။
ကေသာမှာတစ်ပွင့်ပန်းနဲ့
ဆန်းတင့်ဝင့်ကြွား။

* ဒို့မြန်မာအမျိုးသမီးများ
နိုးကြားတဲ့ဇာတိမာန်
ထက်မြက်ရှင်သန်။
ကျွန်ပြုတဲ့နယ်ချဲ့ရန်
တွန်းလှန်ကာဖယ်ရှား။

* ဒို့နိုင်ငံလွတ်လပ်ရေးတွက်
သက်ပေးခဲ့တကား။

* ဒို့မြန်မာအမျိုးသမီးများ
ဘိုးဘွားတို့ရှေးထုံးစံ။
မြန်မာ့မှုပျက်မယိမ်းဖို့
ထိန်းသိမ်းကြပြန်။
သွေးနှောမှုလက်မခံ
အနောက်ဟန်ဖယ်ရှား။
ဇာတိဂုဏ်မျိုးမပျောက်အောင်
စောင့်ရှောက်ကြတကား။ ။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂-၇-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၀ | ၂။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၃။ | မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ် |
| ၇:၅၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၈:၀၀ | ၅။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၆။ | ကြေးမုံရိပ်သွင် တေးနယ်ဉ် |
| ၈:၂၀ | ၇။ | အသိစိတ်ကလေး အရင်းတည်၍ |
| ၈:၄၀ | ၈။ | International News |
| ၈:၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၃:၁၅ | ၁။ | **မြန်မာ-စင်ကာပူချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၂၃ အသင်းနှင့် စင်ကာပူ Asian Games Team အသင်း)** |
| ၅:၀၅ | ၂။ | **ကမ္ဘာ့ဖလားပုံရိပ်များ**(အပိုင်း-၉) |
| ၅:၂၅ | ၃။ | မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် |
| ၅:၃၅ | ၄။ | Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်) |
| ၆:၀၀ | ၅။ | ညနေခင်းသတင်း |
| ၆:၁၅ | ၆။ | မိုးလေဝသအခြေအနေ |
| ၆:၂၀ | ၇။ | ရသစုံလင် အင်တာနက်ဥယျာဉ် |
| ၇:၀၀ | ၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁၃) |
| ၈:၀၀ | ၉။ | ပြည်တွင်းသတင်း |
| | ၁၀။ | နိုင်ငံတကာသတင်းများ |
| | ၁၁။ | မိုးလေဝသအခြေအနေ |
| | ၁၂။ | **ရွှေမြရုံခြယ်** စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလင်္ကာဝတ်ရည်) |
| | ၁၃။ | သီချင်းချစ်သူ **(နေမျိုး)** |
| | ၁၄။ | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၉ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ **အရွယ်သုံးပါး မိန်းမသားအလှဝေဖြာ မေမြန်မာ** |
| | ၁၅။ | အစီအစဉ်ပြီး၏။ |

## ကံထူးရှင်များပေါ်ထွက်

ရန်ကုန် ဇူလိုင် ၁

(၂၅၈)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျပ်သိန်း (၁၀၀၀)ဆု**

စ-၇၀၉၃၇၀

**ကျပ်သိန်း (၅၀၀)ဆု**

ဆ- ၂၀၈၉၇၇

**ကျပ်သိန်း (၃၀၀)ဆုများ**

ခ - ၆၉၇၇၉၉ ဏ - ၉၅၈၈၃၂

**ကျပ်သိန်း (၂၀၀)ဆုများ**

ထ - ၇၈၁၅၉၆ ဥ - ၂၃၄၀၆၂
ဖ - ၇၀၅၈၄၅ နှ - ၁၂၆၇၉၆
ဒ - ၉၀၄၅၁၉

**ကျပ်သိန်း (၁၀၀)ဆု (မင်္ဂလာစုံတွဲ)**

ဆ - ၆၀၈၀၃၇ ထ - ၅၇၅၄၂၀
ဗ - ၂၃၇၅၆၉ ပ - ၅၄၀၄၇၂
င - ၁၂၂၀၈၄ ဒ - ၃၃၇၀၈၀
ဈ - ၁၈၄၇၂၆ ဗ - ၈၀၀၉၀၈
ဏ - ၅၉၆၉၁၈ င - ၄၃၇၈၁၇
ဃ - ၃၅၃၆၅၁ ဏ - ၈၆၉၃၈၁
ဋ - ၁၂၂၆၈၈

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မကွေးတိုင်း၌ ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

မကွေး ဇူလိုင် ၁

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၇နာရီက မကွေးမြို့ လမ်းငါးသွယ်အဝိုင်းပတ်အနီး၌ကျင်းပရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

**ဖွင့်လှစ်ပေး**

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)



မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010

❒ ကျောက်ဖုံးမှ

ယင်းတို့သည် နေအိမ်၌ မွေးဖွားသော ကလေး ၃၅၀၀၀နှင့် ဆေးရုံတွင် မွေးဖွားသော ကလေး ၂၀၀၀၀ အား သုတေသနပြု ဆန်းစစ်လေ့လာခဲ့ခြင်းဖြစ်သည်။ နေအိမ်၌ မွေးဖွားခြင်းမှာ ကူးစက်ရောဂါများမှ လုံခြုံဘေးကင်းမှုရှိသော်လည်း အရေးပေါ် အခြေအနေများတွင် ကုသရာ ထိရောက်မှုနည်းသဖြင့် ကလေး အသက်ဆုံးရှုံးနိုင်ကြောင်း သတိပေးထားသည်။ အင်တာနက်

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ကမ္ဘာကျော်ထိပ်သီး ဘောလုံးသမားရှစ်ဦး ကွာတားဖိုင်နယ်တွင် ခြေစွမ်းပြကစားကြမည်

➤ မြင့်မောင်စိုး-စုစည်းသည် ➤ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

**ဂျိုဟန်နစ္စဘတ် ဇူလိုင် ၁**

၂၀၁၀ကမ္ဘာ့ဖလား ကွာတားဖိုင်နယ် ပွဲစဉ်များကို ဇူလိုင် ၂ရက်နှင့် ၃ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နယ်သာလန်နှင့် ဘရာဇီးတို့ပွဲမှာ ဇူလိုင်၂ရက် **(ယနေ့)**ညပိုင်း ညစနာရီခွဲပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

## စွမ်းဆောင်ပေးနိုင်

နယ်သာလန်အသင်းကို ဗန်ဘရွန်ခို့စ်က ဦးဆောင်ကစားမည်ဖြစ်သည်။ ၎င်းသည် ဝဲနောက်တန်းကစားသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြကစားခဲ့သူဖြစ်သည်။ ဗန်ဘရွန်ခို့စ်သည် ၁၉၉၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နယ်သာလန်အသင်းကို အကြိုဗိုလ်လုပွဲအထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ထိုနှစ်က နယ်သာလန်အသင်းသည် ဘရာဇီးအသင်းကို နှစ်ဂိုး -တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။



ကွင်းလယ်ကစားသမား မာရှေယာနို။

## ကျော်ကြားနေ

ဘရာဇီးအသင်းကို ဦးဆောင်ကစားမည့်သူမှာ လူစီယိုဖြစ်သည်။ ၎င်းသည် အင်တာမီလန် နောက်တန်းကစားသမားဖြစ်ပြီး ဘရာဇီးတွင် အကောင်းဆုံးနောက်တန်းကစားသမားအဖြစ် ကျော်ကြားနေသူဖြစ်သည်။

## ခြေစွမ်းပြ

ဥရုဂွေးနှင့် ဂါနာတို့သည် ဇူလိုင် ၃ရက် နံနက်၁နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဥရုဂွေးအသင်းကို လူဂါနိုက ဦးဆောင်ကစားမည်ဖြစ်သည်။ ၎င်းသည် ၂၀၀၆ ခုနှစ်မှစပြီး ဥရုဂွေးအသင်းခေါင်းဆောင်ဖြစ်ခဲ့သည်။ လူဂါနိုသည် ဘရာဇီးကလပ် ဆော်ပေါလိုတွင်



စပိန်ဂိုးသမား ကာဆီးလ်လက်စ်။

အောင်မြင်ခဲ့သူဖြစ်ပြီး လက်ရှိတူရကီကလပ် ဖီနာဘာချီတွင် ခြေစွမ်းပြနေသည်။

ဂါနာအသင်းကို ဦးဆောင်ကစားမည့်သူမှာ ဂျွန်မန်ဆက်ဖြစ်သည်။ ၎င်းသည် နောက်တန်း ကစားသမားတစ်ဦးဖြစ်ပြီး ပြင်သစ်ကလပ် လိုင်ယွန်မှ ဆန်းဒါးလန်းသို့ အငှားချထားသူဖြစ်သည်။

## ရွေးချယ်ထား

အာဂျင်တီးနားနှင့် ဂျာမနီတို့သည် ဇူလိုင် ၃ရက်တွင် ကိတ်ဖ်တောင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အာဂျင်တီးနားအသင်းကို လီဗာပူးကွင်းလယ်ကစားသမား မာရှေယာနိုက ဦးဆောင်ကစားမည်ဖြစ်သည်။ မာရှေယာနိုသည် မက်ဆီကဲ့သို့ နာမည်မကျော်ကြားသော်လည်း နည်းပြ မာရာဒိုနာက အကောင်းဆုံးကွင်းလယ်ကစားသမားအဖြစ် ရွေးချယ်ထားသည်။

ဂျာမနီအသင်းကို ဘိုင်ယန်မြူးနစ် နောက်တန်းကစားသမား ဖီးလစ်လမ်းက ဦးဆောင်ကစားမည်ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းကို ဘွန်ဒက်စ်လီဂါ ဖလားနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ ပို့ပေးနိုင်ခဲ့သည်။ လက်ရှိ ကမ္ဘာ့ဖလားတွင်လည်း အကောင်းဆုံး ခံစစ်မှူးအဖြစ် ခြေစွမ်းပြနေသည်။

## ပါဝင်ကစား

ပါရာဂွေးနှင့် စပိန်တို့သည် ဇူလိုင် ၄ ရက် နံနက် ၁ နာရီတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ပါရာဂွေးအသင်းကို နောက်တန်းကစားသမား ကနိုက်ဇာက ဦးဆောင်ကစားမည်ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားလေးကြိမ်မြောက်အထိ ပါဝင်ကစားခဲ့သူဖြစ်ပြီး ပါရာဂွေးအသင်း၏ အကောင်းဆုံး ခံစစ်မှူးဖြစ်သည်။

## ကာကွယ်ပေးနိုင်

စပိန်အသင်းကို ဂိုးသမားကာဆီးလက်စ်က ဦးဆောင်ကစားမည်ဖြစ်သည်။ ၎င်းသည် ယူရို-၂၀၀၈တွင် စပိန်အသင်းကို ချန်ပီယံဖြစ်အောင် အဓိကစွမ်းဆောင်ကစားခဲ့သူဖြစ်သည်။ လက်ရှိကမ္ဘာ့ဖလားတွင်လည်း သေချာပေါက်ဂိုးများ ကာကွယ်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

**ကိုးကား-အင်တာနက်**

# ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ



➤ အာကာဟိန်း - စုစည်းသည် ➤

## နယ်သာလန်ကစားသမားများ အပြည့်ထုတ်သုံးမည်

*နယ်သာလန်မီဒီယာများ ဖော်ပြထားသကဲ့သို့ အဓိကကစားသမားအချို့ ကွာတားဖိုင်နယ်၌ ထည့်သုံးရန် မသေချာဟူသောသတင်းမှာ မမှန်ကြောင်း၊ ဗန်ပါစီ၊ ရော်ဘင်နှင့် ရှနိုက်ဒါတို့အား ထုတ်သုံးမည်ဖြစ်ကြောင်း နည်းပြ ဘက်ဗန်မာဝစ်က ဇူလိုင် ၁ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## ဘရာဇီးပရိသတ်အတွက် အကောင်းဆုံး ကြိုးစားမည်

*ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နယ်သာလန်နှင့် ဘရာဇီးတို့ပွဲတွင် ဘရာဇီး ပရိသတ်အတွက် မိမိတို့အစွမ်းကုန်ကြိုးစားပြီး အကောင်းဆုံးရလဒ်ရယူပေးသွားမည်ဟု တိုက်စစ်မှူးရော်ဘင်ဟိုက ဇူလိုင် ၁ ရက်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။*

## ယုံကြည်မှုအပြည့်ရှိကြောင်း ဂါနာဂိုးသမားဖွင့်ဟ

*ဥရုဂွေးနှင့် ယှဉ်ပြိုင်ရမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဂိုးမပေးရရေးအတွက် ဂါနာဂိုးပေါက်ကို ကာကွယ်ရန် မိမိယုံကြည်မှုအပြည့်ရှိကြောင်း ဂိုးသမားရစ်ချပ်ကင်းဆန်က ဇူလိုင် ၁ ရက်၌ သတင်းထောက်များအား ဖွင့်ဟခဲ့သည်။*

## ဗီလာဂိုးသွင်းမှု တောရက်စ်ချီးကျူး

*ပေါ်တူဂီအသင်းအား ရှုံးထွက်ပွဲစဉ်၌ အနိုင်ဂိုးတစ်ဂိုးတည်း သွင်းယူခဲ့သော ဒေးဗစ်ဗီလာ၏ ဂိုးသွင်းမှုမှာ အခွင့်အရေးကိုရအောင်ယူနိုင်သော ကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း စပိန်တိုက်စစ်မှူး တောရက်စ်က ဇူလိုင် ၁ ရက်၌ သတင်းထောက်များအား တွေ့ဆုံစဉ် ပြောကြားသည်။*

## အာဖရိကတိုက်အတွက် အကောင်းဆုံးမြှင့်တင်မှုဖြစ်ခဲ့

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကို တောင်အာဖရိကနိုင်ငံတွင် ကျင်းပပေးနိုင်မှုကြောင့် အာဖရိကတိုက်၏ ဘောလုံးအားကစားအပေါ် အကောင်းဆုံးမြှင့်တင်ပေးနိုင်မှုအဖြစ် စွမ်းဆောင်ပေးနိုင်ခဲ့မည်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဇူလိုင် ၁ ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။*

## ဘိုလီးဗီးယားသမ္မတက အာဂျင်တီးနား ဗိုလ်စွဲမည်ဟုဆို

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ကြည့်ရှုအားပေးနေသော ဘိုလီးဗီးယား သမ္မတက ဘိုလီးဗီးယားနိုင်ငံ လာပက်ဇ်မြို့၌ ဇူလိုင် ၁ ရက်က မီဒီယာသမားများနှင့် တွေ့ဆုံစဉ် အာဂျင်တီးနားအသင်း ဗိုလ်စွဲနိုင်မည်ဟု သူ့ထင်မြင်ချက်ကို ပြောကြားလိုက်သည်။*

## ဗြိတိန်နိုင်ငံမှ ဂျာနယ်သတင်းထောက် ဒဏ်ငွေဆောင်ရ

*တောင်အာဖရိကနိုင်ငံ ကိတ်ဖ်တောင်းမြို့၌ ဇွန် ၁၈ရက်က ယှဉ်ပြိုင်ကစားခဲ့သော အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယား တို့ပွဲတွင် အင်္ဂလန်အသင်း အဝတ်လဲခန်းအတွင်း ခွင့်ပြုချက်မယူဘဲဝင်ရောက်ခဲ့သည့် ဂျာနယ်သတင်းထောက် ပါလော့စ်ဂျို့အား ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ပေးဆောင်ရန် ဒဏ်တပ်ရိုက်ခဲ့ကြောင်း ဇူလိုင် ၁ရက်က သတင်းထုတ်ပြန်သည်။*

## မက္ကဆီကိုအသင်းနည်းပြ နုတ်ထွက်သွား

*ရှုံးထွက်အဆင့်၌ အာဂျင်တီးနားအသင်းကိုရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည့် မက္ကဆီကိုအသင်းနည်းပြ ဂျာဗီရာ အက်ဂွီရီသည် ဇူလိုင် ၁ရက်၌ နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။*

## အီလာနို ခြေချင်းဝတ်ဒဏ်ရာ မသက်သာ

*နယ်သာလန်အသင်းနှင့် ကွာတားဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ရမည့် ဘရာဇီးအသင်း ကွင်းလယ်ကစားသမား အီလာနို၏ ခြေချင်းဝတ်ဒဏ်ရာ မသက်သာသဖြင့် ယင်းပွဲစဉ်၌ ပါဝင်နိုင်မည်မဟုတ်တော့ကြောင်း နည်းပြဒွန်ဂါက ဇူလိုင် ၁ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## မူလာကိုသတိထားရမည်ဟု မာရာဒိုနာပြောကြား

*ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီနှင့် ယှဉ်ပြိုင်ရမည့်ပွဲ၌ မိမိတို့ အဓိက သတိထားရမည်မှာ ဂျာမနီကွင်းလယ်ကစားသမား မူလာပင်ဖြစ်ကြောင်း အာဂျင်တီးနား နည်းပြ မာရာဒိုနာက ဇူလိုင် ၁ရက်၌ ထုတ်ဖော်ပြောကြားသည်။ ။*

*(အင်တာနက်)*

# နတ်ဖက်တဲ့စုံတွဲနှင့် နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ ရုံဝင်လာ

**ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)**

**ရန်ကုန် ဇူလိုင် ၁**

စိန်ငွေး ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်သည့် **နတ်ဖက်တဲ့စုံတွဲများနှင့် Green Zone** နိုင်ငံခြားဇာတ်ကားမှာ ယခုသောကြာပတ်တွင် အပြိုင်ပြသလျက်ရှိသည်။

## ရှာဖွေဖော်ထုတ်

အမေရိကန်ကြည်းတပ်မှ ဗိုလ်ကြီး ရှိုင်းမီးလားနှင့် တပ်ဖွဲ့အား အီရတ်တွင် ဝှက်ထားသည့် ဖျက်အားပြင်း လက်နက်အား ရှာဖွေဖော်ထုတ်ရန် တာဝန်ပေးလိုက်သည်။

အီရတ်ဗိုလ်ချုပ်ကြီး အယ်ရာဝီကလည်း အီရတ်စစ်တပ်ကိုဖျက်သိမ်းကာ တိမ်းရှောင်နေသည်။ အယ်ရာဝီနောက်သို့ အမေရိကန် ကွန်မန်ဒိုများကလည်း ထက်ကြပ်မကွာ လိုက်လျက်ရှိသည်။ အမေရိကန်အထူးတပ်ဖွဲ့မှ ကွန်မန်ဒိုများက အယ်ရာဝီအားသတ်ဖြတ်ရန် ရဟတ်ယာဉ်များဖြင့် ခြေရာခံလိုက်ရာစဉ် ဗိုလ်ကြီး မီးလားက ကွန်မန်ဒိုများထက် လက်ဦးအောင် အယ်ရာဝီကို ဖမ်းလိုက်သည်။ အယ်ရာဝီက ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ကတည်းက WMP ခေါ် ဖျက်အားပြင်း လက်နက်များမရှိကြောင်း၊ ပေါင်းစတုန်းကို ပြောခဲ့ပြီးသားဖြစ်ကြောင်း မီးလားကို ဖွင့်ပြောသည်။ အီရတ်ကျူးကျော်မှုတစ်ခုလုံး စီအိုင်အေ၏ လိမ်လည်မှုသာဖြစ်ကြောင်း၊ ဖျက်အားပြင်း လက်နက်များ အီရတ်၌ လုံးဝမရှိကြောင်း၊ အမေရိကန်ကြည်းတပ်မှ ဗိုလ်ကြီး မီးလားက အစီရင်ခံစာ ရေးတင်လိုက်သောအခါ အီရတ်ရှိ ဂရင်းဇုန်တွင် လုပ်ကြံသတ်ဖြတ်မှုများ၊ နိုင်ငံရေးအကောက်ကြံမှုများ ဖြစ်ပွားသွားသည့် အီရတ်ကျူးကျော်စစ် နောက်ခံ အက်ရှင်ဇာတ်ကားဖြစ်သည့် ဂရင်းဇုန်ကို ရှေ့ဆောင်ရုံတွင် ကြည့်ကြရမည် ဖြစ်သည်။

နေပြည်တော်တွင် **Percy Jackson The Lightning Thief** ဇာတ်ကား ဆက်လက်ပြသနေဆဲ ဖြစ်သည်။

**နတ်ဖက်တဲ့စုံတွဲ** ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာရုံများနှင့် မန္တလေး ဝင်းလိုက်၊ မြို့မရုံများတွင် ဒုတိယပတ် ဆက်လက် ပြသနေဆဲဖြစ်သည်။

## ဆွေတစ်ရာ မောင်တစ်ကျိပ်ဆက်ပြသ

ဒါရိုက်တာမီးပွား၏ **ဆွေတစ်ရာ မောင်တစ်ကျိပ်** ဇာတ်ကားမှာ မြို့တော်



ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ရောဝတီရုံများတွင် ဆက်လက်ပြသနေသည်။

## နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ

ဒါရိုက်တာ ညီညီထွန်းလွင်၏ **နှစ်ကျပ်ကွက်နင်းတဲ့ယောက်ဖ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ဒုတိယပတ်မြောက်အဖြစ် နဝဒေး၊ ရွှေရတနာ၊ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာ၊ ဝဇီရာ (၂) လှိုင်သာယာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

ရှေ့ဆောင်ရုံတွင် ရုံဝင်လာသည့် Green Zone ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်
## လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးသုံးပစ္စည်းများဝယ်ယူရန်
# တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွက် လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများကို အောက်ဖော်ပြပါ အတိုင်း ဝယ်ယူလိုပါသည်။

(က) **လုပ်ငန်းသုံးပစ္စည်း (၆)မျိုး**

| | | |
|---|---|---|
| (၁) | Nikon Flash SB-600 Speed Light | 2 Nos |
| (၂) | Nikon D-300s Digital Camera (Body Only) | 2 Nos |
| | - Nikon AF-SDX 18-200mm F3.5-5.6G EDVR 11 Lens | 1 No |
| | - Nikon Type Sigma Lens 18-200 mm F3.5-6.3 DCOS Lens | 1 No |
| (၃) | Digital Camera 12 Megapixel Resolution (SD With Memory Card) | 100 Nos |
| (၄) | Mini DV Camcorder (With Video Camera Box) | 5 Nos |
| (၅) | EVD Digital Video Disc Player High Quality | 30 Nos |
| (၆) | Generator 20 KVA 1 P(Sound Proof) | 1 No |

(ခ) **ရုံးသုံးစက်ကိရိယာများ (၅)မျိုး**

| | | |
|---|---|---|
| (၁) | Computer | 15 Nos |
| (၂) | Fax Machine (FT.937) | 25 Nos |
| (၃) | Book Scanner | 1 No |
| (၄) | Laser Printer (A4) Canon LBP-2900 | 15 Nos |
| (၅) | Digital Multi Function Copier (A3) | 2 Nos |

၂။ တင်ဒါပေးသွင်းမှုကို ၁၆-၇-၂၀၁၀ ရက် ၁၅:၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့ရုပ်ရှင်လုပ်ငန်း**
**အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။**




**ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၇ရက်က ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်တင်က အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။**
(မြို့နယ် ပြန်/ဆက်)

## စစ်ကွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

*ရန်ကုန် ဇူလိုင် ၁*

*စစ်ကွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ (၁၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက်ကျောင်းဝင်းရှိ ရွှေကျင်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။*

### လှူဒါန်းနိုင်

*၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်ရာ ခိုင်လုံသော အထောက်အထားဖြင့် ဇူလိုင် ၁၁ရက်နောက်ဆုံးထား ဆက်သွယ်နိုင်ကြသည်။ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက် စစ်ကွင်းသူ စစ်ကွင်းသားများ တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်(ဖိုးတော) ဖုန်း-၇၀၆၈၀၂၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဒေါ်စန္ဒာမြင့် ဖုန်း-၀၉-၅၁-၃၂၂၃၄ နှင့် ဦးကြင်စိန်(စစ်ကွင်း)ဖုန်း-၀၅၃-၁၀၃၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။* ***(မြန်မာ့အလင်း)***

**ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် သန်လျင်မြို့နယ်အတွင်းရှိ လက်ယက်စမ်းကျေးရွာအုပ်စု ထားမလုံကျေးရွာတွင် စင်ကာပူရောက်မြန်မာများနှင့် Winner သောက်ရေသန့်မိသားစုမှ လှူဒါန်းသည့် စက်ရေတွင်းတူးဖော်လျက်ရှိရာသို့ အလှူရှင်များနှင့်အတူ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းတို့ ဇွန် ၂၆ရက်က ကြီးကြပ် ဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)


# လက်ထပ်မင်္ဂလာပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၄၇/၄၉ နေ
(ဦးမောင်ကြီး)-ဒေါ်ခင်နွဲ့တို့၏ သားကြီး

**မောင်ရဲဝင်း**

**BAR Supervisor (Westin Hotel) U.A.E**

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဥယျာဉ်လမ်း ၁၁ နေ
(ဦးနေဝင်းမောင်)-ဒေါ်နွယ်နွယ်ဝင်းတို့၏ သမီးကြီး

**မဆုမြတ်ပိုပိုဦး**

**B.A (Eco)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၇-၆-၂၀၁၀ရက်တွင် အလိုတော်ပြည့်ကျောင်းတိုက်၌ မင်္ဂလာဆွမ်းကျွေးလက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ရဲဝင်း-မဆုမြတ်ပိုပိုဦး။**




**တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက်က အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားစဉ်။**
(မြန်မာ့အလင်း)

## ထီးချိုင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းသင်တန်းဖွင့်

**ထီးချိုင့် ဇူလိုင် ၁**

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉နာရီက ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကသာခရိုင် ကော်မရှင်အဖွဲ့ဝင် ဦးအုံးကျော်က အမှာစကား ပြောကြားသည်။

### သရုပ်ပြရှင်းလင်း

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်ရွှေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဥပဒေအရာရှိ ဦးထွန်းအောင်ကျော်က ကော်မရှင် ဥပဒေနည်းဥပဒေများကိုလည်းကောင်း ကော်မရှင်အတွင်းရေးမှူး ဦးကောင်းညွှန့်သွင်က ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်တို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရန် လုပ်ငန်းများ၊ မဲရုံနမူနာများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ရွှေကူ၌ ဖွင့်လှစ်

**ရွှေကူ ဇူလိုင် ၁**

ရွှေကူမြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၉ ရက်က ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ ဦးကြည်ဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် ဗန်းမော်ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်ရွှေကူမြို့နယ်တာဝန်ခံဦးဝင်းဖေ(မြို့နယ်သမဝါယမ ဦးစီး)က သင်တန်းပို့ချပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များမှ ပြန်လည်မေးမြန်းချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးချစ်လွင်(မြို့နယ်စိုက်/ဂျာ)က ပြန်လည်ရှင်းလင်းဖြေကြားပြီး ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာများ ဆွေးနွေးပို့ချကြသည်။ (၁၇၉)






## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဘားအံ၌ ကျင်းပ

**ဘားအံ ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီးကျော်မြင့်က ဖတ်ကြားသည်။

### ကြည့်ရှု

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုရရှိခဲ့သူများကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ပြီး တက်ရောက်လာကြသူများက ပြခန်းများကို ကြည့်ရှုကြသည်။ **(ပြည်နယ် ပြန်/ဆက်)**



**ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၅ရက်က ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာသင် စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။** (ပြည်နယ် လဝက)

## ရန်ကုန်တောင်ပိုင်းခရိုင်ယာဉ်လိုင်း ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ကကြီးမှူးကျင်းပသော ၂၀၁၀-၂၀၁၁ ထူးချွန်ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့နယ်ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းဆု၊ ပညာသင်ထောက်ပံ့ကြေး၊ ယာဉ်စွမ်းဆောင်ရည်ဆု၊ ဝန်ထမ်းဝတ်စုံနှင့် ဘာသာရေးထောက်ပံ့ငွေကျပ် စုစုပေါင်းသိန်း ၁၈၀ ကျော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးစိန်ထွန်း၊ ခရိုင် မော်တော်ယာဉ်လိုင်း ဥက္ကဋ္ဌ ဦးသောင်းရှိန်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် **(ယာပုံ)** နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၁၈၄)**





**ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်းလျက် ဇွန် ၁၉ရက်က ကျောက်တံခါးမြို့ သရဖီလမ်း၊ ဦးစံကျော်လမ်းနှင့် အောင်သပြေလမ်း (အထကကျောင်းရှေ့) ရေမြောင်းများကို တူးဖော် ဆယ်တင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသင်းဦး ကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သည့် ဂူကြီးခုံ-တလင်းဆိပ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင် ဆောင်ရွက်လျက်ရှိရာ ဇွန်၁၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)





ဖျာပုံမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို အထက(၁)ကျောင်းခန်းမ၌ ဇွန် ၂၆ရက်က ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူ ဖတ်ကြားစဉ်။ (၁၅၅)



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၁ရက်က ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ရင်က အဖွင့်အမှာစကားပြောကြားစဉ်။ (၁၈၉)



မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ဦးဆောင်သောအဖွဲ့ ဇွန် ၂၀ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)



ငပုတောမြို့ ဒေါနလမ်း မြောင်းကူးတံတား ခုံးပေါက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် တာဝန်ခံအင်ဂျင်နီယာနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အမှတ်(၁၅)နယ်မြေ တိုးချဲ့ရပ်ကွက် အင်ကြင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၂၀ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)





ဇွန် ၂၆ရက်က ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက် အမက(၁)ကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် မူးယစ်ဆေးဝါးပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မြို့နယ်တရားသူကြီး ဦးမြင့်ထူးနှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကိုကိုမောင်တို့ တက်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးမြင့်က ဟောပြောစဉ်။ (မြန်မာ့အလင်း)

အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ကြားသိစေသည့်

## အကြောင်းကြားစာ

**ရန်ကုန်တိုင်းတရားရုံး**

**၂၀၀၉ ခုနှစ် တရားမအယူခံမှုအမှတ်-၂၄၂**

ဦးအေးလွင်(ခ)ဦးချစ်သိန်း **နှင့်** ဦးဘတင့်

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၀၉ခုနှစ် ဇွန် ၂၄ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၅)မှ တရားမကြီးမှုအမှတ်-၄၅/၂၀၀၈ ကို အယူတော်ခံမှု။

အယူခံတရားပြိုင်ဖြစ်သော ဦးဘတင့် တိုက်(၆)၊ အခန်း(၅)၊ ၁၀ လမ်း၊ ဘုရင့်နောင်အိမ်ရာ၊ လှိုင်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး (၅) ရုံးတော်မှချပေးသော ဒီကရီကို အယူခံတရားလို ဦးအေးလွင်(ခ)ဦးချစ်သိန်းမှ အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၀ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၂ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေနှင့်ဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံခွင့်ရှိသောဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**လေးလေးမွန်**
**တွဲဖက်တိုင်းတရားသူကြီး(၁၀)၊ ရန်ကုန်တိုင်းတရားရုံး။**

## အမြဲတမ်းတရားစခန်းအဖြစ် ဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာရှိ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ခွဲအမှတ်(၇) ဓမ္မရောင်ခြည်သာသနာ့ရိပ်သာတွင် လစဉ် တရားစခန်းများဖွင့်လှစ်ခဲ့ရာမှ ၁-၇-၂၀၁၀ရက်မှစ၍ အမြဲတမ်း တရားစခန်းဖွင့်လှစ်ပါမည်။ တရားအားထုတ်လိုသော ယောဂီများသည် မည်သည့်နေ့ရက်တွင်မဆို လာရောက်အားထုတ်နိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁- ၉၉၀၇၀။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မကွေးခရိုင်တရားရုံးတော်၌**

**၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဦးဝင်းထိုက် **နှင့်** ၁။ ဦးကျော်လွင်၊ ၂။ ဒေါ်ဝင်းဝင်းခိုင်

**တရားလို** **တရားပြိုင်များ**

(၁) ဦးကျော်လွင် (ယခင်နေရပ်လိပ်စာ) မကွေးတိုင်း၊ မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်အုပ်စု၊ ရန်ကျော် ၁၁လမ်း၊ အမှတ် ၁၄၁ (ယခုနေရပ်လိပ်စာမသိ)၊ (၂) ဒေါ်ဝင်းဝင်းခိုင် (ယခင်နေရပ်လိပ်စာ) မကွေးတိုင်း၊ မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်အုပ်စု၊ ရန်ကျော် ၁၁ လမ်း၊ အမှတ် ၁၄၁ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်အတွက် စရန်ပေးထားငွေ ၅၂၀၀၀၀၀(ကျပ်ငါးဆယ့်နှစ်သိန်းတိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၂ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ တရားလိုဘက်မှကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင်တင်အေး**
**ဒုတိယခရိုင်တရားသူကြီး**
**မကွေးခရိုင်တရားရုံး။**

## ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
## သစ်တောရေးရာဝန်ကြီးဌာန
### သစ်တောဦးစီးဌာန
### သစ်တောတက္ကသိုလ်၊ ရေဆင်း
### နေပြည်တော်

၁။ သစ်တောတက္ကသိုလ် ၂၀၁၀-၂၀၁၁ပညာသင်နှစ် သိပ္ပံ(သစ်တော) ဘွဲ့၊ (၅)နှစ်သင်တန်းသို့ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။
၂။ သင်တန်းသား/ သင်တန်းသူဦးရေ စုစုပေါင်း ၂၀၀လက်ခံမည်။
၃။ လျှောက်ထားသူသည်-
(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) ၂၀၁၀ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် အသက် ၁၈နှစ်ထက် မကြီးစေရ။
(ဃ) ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းနှင့်အညီ အင်္ဂလိပ်စာ၊ ဇီဝဗေဒဘာသာရပ်များကို (၃)နာရီမေးခွန်း ဖြေဆိုကြရမည်။
(င) ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ရမည်။
(စ) မိုင် ၂၀လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။
(ဆ) လူတွေ့စစ်ဆေးခြင်းခံယူရမည်။
၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါသတ်မှတ်ပုံစံအတိုင်း (A-4 Size) အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာ စာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။
၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-
(က) သက်ဆိုင်ရာ အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ။
(ခ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)၊
(ဂ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် (မူရင်း)၊
(ဃ) လိုင်စင်အရွယ်ဓာတ်ပုံ (၃)ပုံ (ပူးတွဲ)။
၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ ၃၀-၇-၂၀၁၀ရက် (သောကြာနေ့) နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော၊ မပြည့်စုံသော လျှောက်လွှာများကို ဖြေဆိုခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၇။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါစာစစ်ဌာနများ၌ တစ်ပြိုင်တည်းစစ်ဆေးမည်။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို သေချာစွာရွေးချယ်ဖော်ပြရမည်။
(က) သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊
(ခ) ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၊ မော်ဘီမြို့၊
(ဂ) မြန်မာနိုင်ငံ သစ်တောကျောင်း၊ ပြင်ဦးလွင်မြို့။
၈။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်။
(က) အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ၁၄-၈-၂၀၁၀ရက် (စနေနေ့)
နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
(ခ) ဇီဝဗေဒ(၃)နာရီမေးခွန်း ၁၅-၈-၂၀၁၀ရက် (တနင်္ဂနွေနေ့)
နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
၉။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့် ခုံအမှတ်စာရင်းကို စာစစ်ဌာန (၃)ခုတွင် အချိန်မီထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံ အကြောင်းကြားမည်မဟုတ်ပါ။
၁၀။ ဖြေဆိုခွင့်ကတ်များကို ၁၂-၈-၂၀၁၀ရက် (ကြာသပတေးနေ့)မှစတင်၍ သက်ဆိုင်ရာစာစစ်ဌာနများ၌ ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ယူဆောင်လာရမည်။ ဖြေဆိုခွင့်ကတ်ထုတ်ယူသည့်အချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူကို ပေးအပ်ရမည်။
၁၁။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား မိုင် ၂၀လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်မည်ဖြစ်၍ စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ အစစ်ဆေးခံရန်လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက် (မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။
၁၂။ အကယ်၍ သစ်တောတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။
၁၃။ အသေးစိတ်သိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၉၊ ၄၁၆၅၄၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မောင်မောင်လွင်
မော်ကွန်းထိန်း

**လျှောက်လွှာနမူနာပုံစံ**

**သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**သစ်တောတက္ကသိုလ်(ရေဆင်း)**
**ဘွဲ့ကြိုပထမနှစ် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ**
**(၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ

၁။ အမည် (အပြည့်အစုံ) ........................ နိုင်ငံသားစိစစ်ရေးကတ်အမှတ်....................
၂။ မွေးသက္ကရာဇ် (ရက်၊လ၊ခုနှစ်) ..........................................................
၃။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် ခုံအမှတ် .................... ခုနှစ် ....................
၄။ လူမျိုး ................................ ကိုးကွယ်သည့်ဘာသာ ............................
၅။ အမြဲနေထိုင်သောလိပ်စာ ..........................................................
..........................................................................
၆။ ဆက်သွယ်ရန်လိပ်စာ ..........................................................
..........................................................................
၇။ ဖခင်အမည် ................................ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ....................
အလုပ်အကိုင် ..........................................................
မိခင်အမည် ................................ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ....................
အလုပ်အကိုင် ..........................................................
၈။ ရေးဖြေ ဖြေဆိုလိုသောစာစစ်ဌာန ..........................................................
[ပြင်ဦးလွင် (သို့မဟုတ်) နေပြည်တော် (သို့မဟုတ်) မော်ဘီစာစစ်ဌာန တစ်ခုသာဖော်ပြရန်]

၉။ ဝန်ခံချက်
အထက်ပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ ။ ------------ ----------------
လျှောက်ထားသူ၏ လက်မှတ်
အထက်ဖော်ပြချက်များမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ ။ ----------- ----------------
မိဘ/အုပ်ထိန်းသူလက်မှတ်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။




'မြန်မာနေ့' အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းရင်းသားယဉ်ကျေးမှုများကို ထင်ဟပ်သော ကကြိုးကကွက်များဖြင့် မြန်မာကလေးများက ဖျော်ဖြေတင်ဆက်ကြစဉ်။

# တစ်ကမ္ဘာလုံးပါဝင်ဆင်နွှဲ ရှန်ဟိုင်းကုန်စည်ပြပွဲ(၅)

မြန်မာသတင်းအဖွဲ့ ကွင်းဆင်းတင်ပြသည် | စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၁

နိုင်ငံများအလိုက်ကျင်းပသော ပြပွဲအထိမ်းအမှတ် အခမ်းအနားများ၊ ယဉ်ကျေးမှုကပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များသည် ၁၈၄ရက်ကြာ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲကို ကြီးကျယ်ခမ်းနားသော နိုင်ငံတကာပွဲတော်တစ်ရပ်အဖြစ်သို့ ပုံဖော်ပေးနေလေ၏။

**အဆိုပြု**

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၆၀ ကျော်တို့က **အမျိုးသားပြခန်းဆောင်နေ့** (National Pavilion Day) ကျင်းပရန် အဆိုပြုထားသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ❍

## ရောဝတီတိုင်း စပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဇူလိုင် ၁

**ရောဝတီတိုင်းတွင် ဇွန် ၃၀ရက်အထိ မိုးစပါး ၁၀၀၆၃၉၄ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## နေအိမ်၌ ကလေးမွေးဖွားမှု သတိပြု ဆင်ခြင်သင့်ဟုဆို

ကောင်းမြတ်သူ - ရေးသားသည်

*လန်ဒန် ဇူလိုင် ၁*



*ကလေးမွေးဖွားရာတွင် ဆေးရုံ၌ မွေးဖွားခြင်းထက် နေအိမ်တွင် မွေးဖွားခြင်းက မိခင်ကျန်းမာရေး အမြန်ပြန်ကောင်းလာစေနိုင်သော်လည်း ကလေးသေဆုံးမှုနှုန်း မြင့်မားလာသဖြင့် သတိပြုသင့်ကြောင်း နိုင်ငံတကာလေ့လာသူများက သုံးသပ်ထားသည်။*

*လေ့လာတွေ့ရှိ*

*အမေရိကန်သုတေသီများသည် မြောက်အမေရိကနှင့် ဥရောပရှိ မွေးဖွားသော ကလေး ၅၀၀၀၀၀ကျော်အား ဆန်းစစ်လေ့လာကြရာ ဆေးရုံ၌မွေးဖွားခြင်းထက် နေအိမ်တွင်မွေးဖွားခြင်းက သေဆုံးမှုနှုန်း နှစ်ဆတိုးလာကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟုဆိုသည်။*

*စာမျက်နှာ ၁၁ ကော်လံ ၄* ❒

2-7 (20).pmd 1 7/2/2010, 2:02 AM